


# မြသန်းစံ

## မှောင်မိုက်ခြင်းရဲ့ အဓိပ္ပာယ် အလင်းတန်းတွေ့ရင် သိလိမ့်မယ်

တတိယအကြိမ်

mgyoe.com




သိမှု(ဝိဇ္ဇာ)သည် ဉာဏ်အလင်း
မသိမှု(အဝိဇ္ဇာ)သည် ဉာဏ်မဲ့အမှောင်
အမှောင်မှာ ပျော်မွေ့ကာ အမှောင်ထဲ နေခဲ့စဉ်က
အလင်းဟူသည် ဘာမှန်းမသိ၊
အလင်း၏ အဓိပ္ပာယ်ကိုလည်း နားမလည်၊
မမျှော်လင့်ပါဘဲ အလင်းထဲသို့ ရောက်သောအခါမှ
အမှောင်၏ သဘာဝကို ပြန်လည်နားလည်လာ
အမှောင်၏ အဓိပ္ပာယ်ကိုလည်း ပြန်လည်ရိပ်မိလာရ၊
သို့နှင့်
မှောင်မိုက်ခြင်း၏ အဓိပ္ပာယ်များသည်
အလင်းတန်းနှင့် တွေ့ရသောအခါမှ...

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# မှောင်မိုက်ခြင်းရဲ့ အဓိပ္ပာယ် အလင်းတန်းတွေ့ရင် သိလိမ့်မယ်

## မြသန်းစံ

တတိယအကြိမ် ၂၀၂၀

mgyoe.com

mgyoe.com

မှောင်မိုက်ခြင်းရဲ့အဓိပ္ပာယ် အလင်းတန်းတွေရှင် သိလိမ့်မယ်၊ မြသန်းစံ
စာမျက်နှာ ၁၇၆+ မျက်နှာ၊ ၁၃ စင်တီ× ၁၈ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀
၂၀၀၃၊ အပ္ပမာဒစာစဉ် ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏ နိဒါန်းစကား | (က) |
| ၁။ | မှောင်မိုက်ခြင်းရဲ့အဓိပ္ပာယ် အလင်းတန်းတွေ့ရင် သိလိမ့်မယ် | ၁ |
| ၂။ | မနောကာံ၏နယ်ပယ် | ၁၆ |
| ၃။ | အဖေ့နေရာကို ချဲ့ပွားခံစားမိခြင်း | ၂၇ |
| ၄။ | မိုးမုန်တိုင်းတွေကြားမှာ | ၄၂ |
| ၅။ | သိမ်မွေ့သောရန်သူ | ၆၀ |
| ၆။ | အဝေးပြေးသံဝေဂ | ၇၃ |
| ၇။ | ပုဂ္ဂိုလ်ရေးနှင့် ဓမ္မရေး | ၈၈ |
| ၈။ | 'ဂုဏ်'ပယ်ပေမဲ့ 'ဂုဏ်'မငယ်တဲ့ မုံလယ် | ၁၀၄ |
| ၉။ | အသေမဦးခင် ဉာဏ်ဦးအောင် | ၁၂၆ |


❑

mgyoe.com

mgyoe.com

⊙ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

⊙ ဓမ္မံသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရား၏ တရားတော်ကို
အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

⊙ သံဃံသရဏံ ဂစ္ဆာမိ
မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အပေါင်းကို
အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

mgyoe.com

mgyoe.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင်

တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

mgyoe.com

mgyoe.com

# အပ္ပမာဒေါ အမတံ ပဒံ

ကုသိုလ်ကောင်းမှုတို့၌
မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ
နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

mgyoe.com

mgyoe.com

## စာရေးသူ၏ နိဒါန်းစကား

ဤစာအုပ်နှင့်ပါဆိုလျှင် စာအုပ်အရေအတွက်အားဖြင့် ၁၀ အုပ်ရှိခဲ့ပြီ။ ဆောင်းပါးအရေအတွက်အားဖြင့်ကား မနည်းလှတော့ပေ။ ၁၉၉၆ ခုနှစ်အကုန် ၁၉၉၇ ခုနှစ်မှ စတင်ရေးသားခဲ့သော စာများကို ပြန်လည်ငဲ့စောင်းကြည့်မိသည်။ နှစ်အားဖြင့် ငါးနှစ်ကျော် ခြောက်နှစ်နီးပါး စွန်းထင်းလာခဲ့ပြီ။ ဤစာများကို ရေးဖြစ်ခဲ့သည်မှစ၍ ဘဝအချိုးအကွေ့သည်လည်း သိသိသာသာ ပြောင်းလဲခဲ့ပြီ။

လွန်ခဲ့သောခြောက်နှစ်ကျော်၏ ဟိုမှာဘက်ဆီတွင် ကျန်ရစ်ခဲ့သော ပုံရိပ်များကား လိုက်မလာနိုင်တော့ပေပြီ။ သီချင်းရေးသူ၊ ကဗျာရေးသူ၊ ရုပ်ရှင်ရိုက်သူ၊ သရုပ်ဆောင်သူ၊ ဝတ္ထုရေးသူ၊ ဇာတ်ညွှန်းရေးသူ၊ အထွေထွေ ဆောင်းပါးများရေးသူ၊ ရုပ်သံအစီအစဉ်များ စီစဉ်ခဲ့သူ စသည်ဖြင့် ပုံရိပ်တို့သည် မှုန်ပျပျနှင့် ကျန်ရစ်ခဲ့လေပြီ။

ထိုအလုပ်တွေကို အရှုးအမူးလုပ်ခဲ့ရင်းမှပင် မမျှော်လင့်ပါဘဲ

mgyoe.com

mgyoe.com



အာရုံအသစ်တစ်ခုနှင့် ထိတွေ့ခွင့်ရခဲ့သည်။

'ခမ္မ'

တကယ်တော့ မွေးစမှသည် ယခုအချိန်အထိ ကြုံခဲ့ရသမျှ ဖြစ်စဉ်တန်းကြီးသည် ဓမ္မဖြစ်စဉ်တန်းကြီးသာ ဖြစ်သည်။ ဓမ္မဖြစ်စဉ်တန်းကြီးဟု မသိခဲ့ခြင်းနှင့် ဓမ္မဖြစ်စဉ်တန်းကြီးပါလားဟု သိခွင့်ရလိုက်ခြင်းသာ ကွာခြားပေသည်။ သို့သော် ထိုကွာခြားမှုကြီးသည် ပင်လျှင် လူ့ဘဝတွင် အတွေးအခေါ်၊ အသိအမြင်၊ ဉာဏ်ပညာ ပြောင်းလဲမှုတို့ကို ဖြစ်ပေါ်စေမှန်း ယခုမှ သတိထားမိတော့သည်။

အောင်မြင်မှု၊ ချမ်းသာသုခ၊ ဥစ္စာစည်းစိမ်၊ လက်ခုပ်သံ၊ ဝမ်းမြောက်ဂုဏ်ယူမှု စသည်တို့ကို လိုလားနှစ်သက် မျှော်လင့်တောင့်တခဲ့မှုတို့၌ လောဘ၊ ဒေါသနှင့်ယှဉ်သောစိတ် စေတသိက်တွေ၊ မောဟနှင့်ယှဉ်သော စိတ် စေတသိက်တွေ၊ မာနနှင့်ယှဉ်သော စိတ်စေတသိက်တွေ ပေါင်းစပ်ပါဝင်နေမှန်း မရိပ်စားမိခဲ့။

မောဟဦးစီးနေသော စိတ်သည် သစ္စာတရားကို အဘယ်မှာ သိနိုင်ပါအံ့နည်း။ တစ်နည်းအားဖြင့် မသိမှု အဝိဇ္ဇာဖုံးနေသော စိတ်စေတသိက်တို့သည် သစ္စာဆိုသည့် အမှန်တရားကိုလည်း မသိနိုင်၊ ခန္ဓာငါးပါးကိုလည်း မသိနိုင်၊ ဓာတ် ၁၈ ပါးကိုလည်း မသိနိုင်။ အာယတန ၁၂ ပါးကိုလည်း မသိနိုင်။ အကြောင်းအကျိုးတည်း ဟူသော ပဋိစ္စသမုပ္ပာဒ်တရားကိုလည်း မသိနိုင်။

လောကထဲသို့ လူအဖြစ်ရောက်လာခဲ့ပြီးခါမှ သစ္စာတရားကို မသိဘဲ (သိခွင့်မရလိုက်ပါဘဲ) လူ့ဘဝထဲက ပြန်ထွက်ခွာသွားရမည် ဆိုပါလျှင် မည်မျှ နစ်နာလိုက်ပါသနည်း။ မရပ်မနားခြင်း

mgyoe.com

mgyoe.com



တစ်မျိုးဖြစ်သော အချိန်ကာလကား လူတစ်ဦးချင်းစီကို စောင့်ဆိုင်းနေလေ့ မရှိပါ။ မွေးလာသူသည် အချိန်ကာလနှင့်အတူ ကြီးရင့်လာမည်။ အချိန်ကာလနှင့်ယှဉ်၍ အိုမင်းလာမည်။ အချိန်ကာလနှင့်တွဲလျက် နာမှုတွေ ဖြစ်လာမည်။ အချိန်ကာလတစ်ခုသို့ ရောက်သောအခါ ရပ်တန့်သေဆုံးသွားမည်။ ထိုအခါ ကိုယ့်အတွက် (ကိုယ်က သေဆုံးသွားသဖြင့်) အချိန်ကာလကား ရပ်တန့်သွားသည်သို့ ရှိသည်။ သို့သော် အချိန်ကာလ၏ သဘောကား ရပ်တန့်မသွား။ ကျန်ရစ်ခဲ့သူ အခြားသူတစ်ပါးတို့အတွက် ယှဉ်ဖော်ယှဉ်ဖက်အဖြစ် ရှိနေရစ်ဦးမည်။

'အချိန်' ၏ တန်ဖိုးကို ပညာရှင်အမျိုးစုံတို့က မိမိတို့ဘဝအတွေ့အကြုံ၊ အသိအမြင်အလိုက် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုသည်ကို ကြားနာ ဖတ်မှတ်ခဲ့ရဖူးပါသည်။ လူ့ဘဝသို့ ဧည့်သည်အဖြစ် ခဏတာရောက်နေဆဲ 'အချိန်' ကလေးအတောအတွင်း အမှန်တကယ် သိသင့်သိထိုက်သည့် အမှန်တရား၊ သစ္စာတရားတို့ကို သိခွင့်မရ (သိခွင့်ရအောင်လည်း မကြိုးစား) ခဲ့သည်မှာ အဘယ်အကြောင်းကြောင့်နည်း။ 'သိ' သင့်သည်ကို 'မသိ'၊ 'မသိ' သင့်သည်ကိုမှ 'သိ' တတ်သော 'အဝိဇ္ဇာ' တည်းဟူသောအကြောင်းကြောင့်ဖြစ်သည်။ ထိုအခါ 'မရှိ'ကို 'အရှိ'ထင်၊ 'အရှိ'ဟု အထင်မှားမှုကြောင့် အာရုံမှန်သမျှ၌ ခုံမင်တွယ်တာ လိုချင်တပ်မက်သော 'တဏှာ' သည်လည်း ယှဉ်ဖော်ယှဉ်ဖက်အဖြစ် မွေးဖွားလာပြန်သည်။ သည်အတောအတွင်း 'အချိန်'ကာလကား ကိုယ့်ကို တရိရိ တိုက်စားနေသည်။ ဇာတိမှသည် ဇရာဖြစ်လာရပြီ။ ဇရာမှသည်

mgyoe.com

mgyoe.com



မရဏာဆီသို့ ဦးတည်နေသည်။ နောက်ဆုံးတော့ မသိမှုကပင် လွှမ်းမိုးအနိုင်ယူသွားသောအခါ ပြီးသွားပြန်ပြီ တစ်ဘဝ။ မသိဘဲ သေသွားရခြင်း။ သိမှုကို သိခွင့်မရသွားခဲ့ခြင်း။

အချိန်ကာလနှင့်ယှဉ်လျက် သိမှုသဘော၊ အသိ၏တန်ဖိုး၊ ဉာဏ်၏စွမ်းရည်တို့ကို လေ့လာလိုက်စားမိလာသောအခါ လွန်ခဲ့သော ခြောက်နှစ်ကျော်၏ ဟိုမှာဘက်ဆီတွင် ရပ်တန့်ကျန်ရစ်ခဲ့သော ပုံရိပ်များဖြစ်ပေါ်ခဲ့အောင် 'မသိမှု'ကြီး ဦးစီးလျက် လှုပ်ရှားရုန်းကန် အသက်ရှင်နေထိုင်ခဲ့သော ၃၈ နှစ်နီးပါး အချိန်ကာလများကို နှမြောတသမိတော့သည်။

တော်ပါသေး၏။ လက်မတင်ကလေးပါပဲ။ သတိတရားနှင့်ယှဉ်သော အသိဉာဏ် ရှာဖွေဖြစ်ဖို့အတွက် တွေ့ဆုံခဲ့ရသော ဆရာသမားများ၊ တိုက်တွန်းဆုံးမခဲ့သော ဆရာသမားများ၊ ကိုယ်တိုင်လမ်းဖြောင့်ပေါ် ရောက်ခဲ့ပြီးဖြစ်သဖြင့် မေတ္တာ၊ ကရုဏာ ယှဉ်သောစိတ်ဖြင့် လက်တွဲခေါ်ယူ ဖေးမကူညီခဲ့သော ဆရာသမားတို့၏ ကျေးဇူးများကား ဆပ်၍ မကုန်နိုင်တော့ပေ။

ဆိုရလျှင် ၃၈ နှစ်နီးပါး မသိမှု အမှောင်ထဲ၌ ထုံမွှေ့ခဲ့သော စိတ်စေတသိက်တို့သည် သာသနာတည်းဟူသော အလင်းရောင်ကြောင့် ကြည်စင်ဝင်းပလာခဲ့ရပြီ ဖြစ်သည်။ သိမှုကို အဆင့်မြင့်မြင့် ရှာဖွေတွေ့ရှိလိုသော စိတ်စေတသိက်တို့သည်လည်း နိုးကြားရှင်သန်လာခဲ့ပေပြီ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိတည်းဟူသော သရဏဂုံသုံးပါးကိုလည်း အလေးအနက်

mgyoe.com

mgyoe.com



နှလုံးသွင်းကြည်ညိုတတ်လာခဲ့ပြီ။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးသည်လည်း နှလုံးအိမ်၌ နက်ရှိုင်းစွာ ကိန်းခိုလာခဲ့ပြီ။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ်ကိုလည်း အတိုင်းအဆမဲ့စွာ တန်ဖိုးထားတတ်လာခဲ့ပြီ။ ကုသိုလ်တရားတို့ မဖြစ်သေးက ဖြစ်အောင်နှင့် ဖြစ်ပြီးက တိုးပွားအောင်၊ အကုသိုလ်တရားတို့ မဖြစ်သေးက မဖြစ်အောင်နှင့် ဖြစ်ခဲ့ပြီးပါကလည်း ထပ်မံ မဖြစ်အောင် သတိဦးစီးလျက် စွမ်းဆောင်နိုင်လာ၏။

စောင့်ဆိုင်းမနေတတ်သော အချိန်ကို သူလည်း သူ့အလုပ်နှင့် သူလုပ်၊ ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်ကာ စည်းခြားထားဖြစ်လာ၏။ ဘယ်အချိန်သေရမလဲ၊ အချိန်မရွေး အသင့်ဖြစ်နေအောင် နေ့စဉ်ပြင်ဆင်ထားဖြစ်လာ၏။

ဤသည်မှာ 'ဓမ္မ' တည်းဟူသော အာရုံအသစ်တစ်ခုအပေါ် စိမ့်ဝင်လိုက်စားခဲ့မိရာမှ ရလာခဲ့သော စိတ်၏ သတ္တိများပင်တည်း။ *ဆိုရလျှင် အမှောင်ထဲနေစဉ်က မှောင်သည်ဟု မသိခဲ့။ အမှောင်၏ အဓိပ္ပာယ်ကို နားမလည်ခဲ့။ အလင်းသို့ရောက်သောအခါမှပင် အလင်းနှင့်ယှဉ်၍ အမှောင်၏သဘာဝကို ပိုမိုနားလည်လာရသကဲ့သို့ပင်တည်း။ အနတ္တ၏သဘာဝကို အတန်အသင့် နားလည်လာသောအခါ အတ္တ၏သဘာဝကို ပိုမိုရိပ်စားလာမိသကဲ့သို့တည်း။*

ထို့ကြောင့် ဤစာအုပ်ကို "မှောင်မိုက်ခြင်း၏ အဓိပ္ပာယ် အလင်းတန်းတွေ့ရင် သိလိမ့်မယ်" ဟူသော ဆောင်းပါးကို မူတည်၍ နာမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ဤစာအုပ်အတွင်း၌ ဘဝအတွေ့အကြုံအလျောက် ကြုံလာ ဆုံလာခဲ့သည်တို့မှ မှတ်မှတ်ရရ

mgyoe.com

mgyoe.com



ဖြစ်စရာများကို မှတ်တမ်းတင်ထားသော ဆောင်းပါး ခြောက်ပုဒ်နှင့် ကိုယ့်ခရီးကိုယ်နှင် ဓမ္မခရီးစဉ်အပေါ်မှ ဆုံတွေ့ခဲ့ရသော ကြည်ညို လေးမြတ်ဖွယ်ရာ ဆရာတော်ကြီးများ၏ အကြောင်းကို မှတ်တမ်း တင်ထားသော ဆောင်းပါးရှည် သုံးပုဒ်၊ စုစုပေါင်း ဆောင်းပါး ကိုးပုဒ် ပါဝင်ပါသည်။

အားလုံးသည် အမှောင်၏ အခြားတစ်ဖက်ဆီမှ အလင်းတန်း များ ဖြစ်ပါသည်ဟု နိဒါန်းစကား ဆိုချင်ပါသည်။ ထို့ပြင် ဤစာစု ကို ဖတ်ရှုသူ ဓမ္မစာချစ်သူတို့၏ ကျေးဇူးတရားများအားလည်း မြတ်သောအကျင့်ဖြင့် ကျေးဇူးတုံ့လှည့် ပြန်ဆပ်ခဲ့ပါမည်ဟု အဓိဋ္ဌာန် ရည်သန်ကတိခံလျက်...။

မေတ္တာဖြင့်
**မြသန်းစံ**
၁၉-၅-၂၀၀၁

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



"သိမှု"ဟူသော "ဝိဇ္ဇာ"သည် ဉာဏ်အလင်းတန်း ဖြစ်ပါသည်။
"မသိမှု"ဟူသော "အဝိဇ္ဇာ"သည် ဉာဏ်မဲ့အမှောင်ဖြစ်ပါသည်။
လူသည် "ဉာဏ်မဲ့အမှောင်"တည်းဟူသော
အမှောင်အရိပ်ကြီးအောက်၌ နေထိုင်ခဲ့စဉ်က
အလင်းရောင်၊ အလင်းတန်းဟူသော "ဉာဏ်"၏ အဓိပ္ပာယ်ကို
နားလည်နိုင်စွမ်းအား မရှိပါ။ မမျှော်လင့်ပါဘဲ
အလင်းထဲသို့ ရောက်လာခဲ့ပြီး ဉာဏ်အလင်းတန်း၏
အဓိပ္ပာယ်ကို နားလည်လာသောအခါမှ...

## မှောင်မိုက်ခြင်းရဲ့အဓိပ္ပာယ်
## အလင်းတန်းတွေ့ရင် သိလိမ့်မယ်

(၁)

တကယ်တော့ သည်ဆောင်းပါးခေါင်းစဉ်သည် သူ့သီချင်းတစ်ပုဒ်ထဲက စာသားအပိုင်းအစ သို့မဟုတ် စကားလုံးအစုအတွဲ တစ်ခု ဖြစ်ပါသည်။ ဆောင်းပါးတစ်ပုဒ် ရေးသားရန်အတွက် ထို သီချင်းစာသား အပိုင်းအစ စကားလုံးအစုအတွဲကို သူ အဘယ့်ကြောင့် ရွေးချယ်လိုက်ပါသနည်း။ အကြောင်းရှိပါသည်။

ထိုသီချင်း ရေးသားခဲ့စဉ်က 'မှောင်မိုက်ခြင်း' ဟူသော အဓိပ္ပာယ်ကို သီးခြားနယ်မြေ၊ ဆန့်ကျင်ဘက်အစုအဝေးများ၏ ကိုယ်စားပြုစကားလုံးအဖြစ် သူ သုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။ သို့ဆို

mgyoe.com

mgyoe.com



လျှင် 'အလင်းတန်း'ဆိုသည့် စကားလုံးကရော။ မှန်ကန်သော၊ မွန်မြတ်သောလုပ်ရပ်များဖြင့် ရဲရင့်တည်ကြည်သူတို့၏ စေတနာများကို ကိုယ်စားပြုစကားလုံးအဖြစ် ရွေးချယ်သုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။ ယခုတော့ မှောင်မိုက်ခြင်းတွေ၊ အလင်းတန်းတွေ စသည်ဖြင့် စည်းခြားကန့်သတ်ထားခြင်း မရှိတော့သော 'ငြိမ်းချမ်းရေးပန်းခင်း'ကြီး၌ သမိုင်းပေးညီအစ်ကိုတွေ လက်ဆန့် ကမ်းလှမ်းရင်းနှီးချစ်ကြည် ပျော်မွေ့နေကြပြီဖြစ်သဖြင့် သူ့ရေး သားဖွဲ့နွဲ့မှုသည်လည်း ပျက်ပြယ် ပြီးဆုံးသွားခဲ့ပြီဟု ဆိုရတော့မည် ဖြစ်ပါသည်။

ဒါဖြင့် ဘာကြောင့် တစ်ပတ်ပြန်လည် သုံးစွဲရပြန်ပါသနည်းဟု မေးစရာရှိပါသည်။ ဖြေပါမည်။ သည်တစ်ခါ သူသုံးစွဲအဓိပ္ပာယ်ဖွင့်လိုသည်မှာ အစုအဝေး၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ခြင်းမရှိသော လူတစ်ဦးချင်းစီ၏ အမှောင်နှင့် အလင်းကို ဆိုလို ချင်ပါသည်။

'သိမှု' ဟူသော 'ဝိဇ္ဇာ' သည် ဉာဏ်အလင်းတန်း ဖြစ်ပါသည်။

'မသိမှု' ဟူသော 'အဝိဇ္ဇာ'သည် ဉာဏ်မဲ့အမှောင် ဖြစ်ပါသည်။

လူသည် 'ဉာဏ်မဲ့အမှောင်' တည်းဟူသော အမှောင်အရိပ်ကြီးအောက်၌ နေထိုင်ခဲ့စဉ်က အလင်းရောင်၊ အလင်းတန်းဟူသော 'ဉာဏ်' ၏ အဓိပ္ပာယ်ကို နားလည်နိုင်စွမ်းအား မရှိပါ။

မမျှော်လင့်ပါဘဲ (သို့သော် ထိုမမျှော်လင့်ခြင်း၌ အသိဉာဏ်

mgyoe.com

mgyoe.com



အလင်းတန်းကို ရှာဖွေလိုခြင်းတည်းဟူသော စိတ်ကလေး ဒွန်တွဲပါဝင်နေပါသည်) အလင်းထဲသို့ ရောက်လာခဲ့ပြီး ဉာဏ်အလင်းတန်း၏ အဓိပ္ပာယ်ကို နားလည်လာသောအခါမှ နေထိုင်ခဲ့ဖူးသော အမှောင်ရိပ်၏အကြောင်း၊ အမှောင်၏သဘာဝအကြောင်း စသည့် အမှောင်၏ အဓိပ္ပာယ်ကိုလည်း နားလည်လာရပြန်ပါသည်။

သို့နှင့် မှောင်မိုက်ခြင်း၏အဓိပ္ပာယ်များသည် အလင်းတန်းနှင့် တွေ့ရသောအခါမှ ပိုမိုသိရှိနားလည်လာရကြောင်းကို သူ့ဘဝ အစိတ်အပိုင်းများစွာထဲမှ ဖြစ်ရပ်တစ်ခုကို ထုတ်နုတ်၍ သက်သေပြချင်ပါသည်။

(၂)

သူမောင်းလာသော အိမ်စီးကားကလေးသည် ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်မှတစ်ဆင့် ဂန္ဓမာလမ်းထဲသို့ ချိုးကွေ့ဆင်းချလိုက်လေသည်။ လမ်းမပေါ်တွင် ကားသွားကားလာတွေ ကျဲပါးစပြုနေပြီ။ အိမ်တံခါးတွေလည်း တော်တော်များများ ပိတ်ကုန်ကြပြီ၊ ည ၁၁ နာရီရှိမှပဲ။

မြို့ပတ်ရထားသံလမ်းကို ဖြတ်ကျော်ပြီးသောအခါ ပတ်ဝန်းကျင်သည် သိသိသာသာ တိတ်ဆိတ်သွားတော့သည်။ လူနေအိမ်ခြေတွေမှ မရှိတော့ပြီဘဲ။ လမ်းဘယ်ဘက်တွင် ရေကူးအသံလွှင့်ရုံ၊ ညာဘက်တွင် ဥက္ကလာဂေါက်ကွင်း။ ကောက်ကွေ့နေသော ကတ္တရာလမ်းအတိုင်း ကားကို ခပ်ဖြည်းဖြည်း မောင်းလာမိသည်။ လူရှင်းသော်လည်း အရှိန်သိပ်မတင်ရဲ။ လမ်းက ကောက်ကွေ့ရ

mgyoe.com

mgyoe.com



သည့်အထဲ၊ အဖုအထစ်၊ ချိုင့်ဝှမ်းတွေ များလှသဖြင့် သတိထား မောင်းနှင်ရသည်။ ဝေါက်ကွင်းထိပ်စပ် ဆုံးသောအခါ ကားကို ညာဘက်သို့ ချိုးကွေ့လိုက်သည်။ သည်မှာတွင် တိတ်ဆိတ်နေသော ကားပေါ်မှာ အသံတစ်သံ ထွက်လာသည်။ သူ့သားငယ်၏ အသံ။

"မေမေကြီး၊ သားစိတ်ထဲ ဘယ်လိုဖြစ်နေမှန်းမသိဘူး။ ဆရာတော့်အသံကို ကြားပြီး ငိုချင်နေတယ်"

သူက ကားမောင်းရင်း ပြုံးမိသည်။ သားက စကားတတ်သည်။ လူကြီးတွေကြိုက်အောင် တစ်ခုခုတော့ လုပ်ပြောတော့မည်ဟု သူထင်မိ၏။ သို့သော် သားငယ်၏အသံက နည်းနည်းတုန်ချင်နေသည်ကိုတော့ သတိပြုမိသည်။ မိခင်ဖြစ်သူကလည်း ရယ်မောနှစ်သိမ့်ရင်းမှ သားငယ်ကို ပြန်ပြောနေ၏။

"မင်းကလည်း လုပ်တော့မယ်၊ ဘာတွေရောတောပေါ်တော လုပ်ဦးမလဲ မသိဘူး"

"မဟုတ်ပါဘူး မေမေကြီးရဲ့၊ သားစိတ်ထဲ ဘာဖြစ်နေမှန်း မသိဘူး။ ငိုချင်သလိုချည်း ဖြစ်နေတယ်"

သားအမိနှစ်ဦး အချီအချပြောဆိုနေသံကို သူကားမောင်းနေရင်းမှ ကြားနေရ၏။ သားငယ်၏ အဆိုပြုချက်သည် စဉ်းစားစရာဖြစ်လာပြီ။ ကားကလေးသည် အမှောင်ရိပ်ထဲတွင် တရိပ်ရိပ် ပြေးနေဆဲ။

သည်နေ့ပါဆိုလျှင် သူတို့မိသားစု ညတရားပွဲသို့ မပျက်မကွက် သွားရောက်ခဲ့သည်မှာ ဆယ့်တစ်ညရှိခဲ့ပြီ။ အမှန်တော့

mgyoe.com

mgyoe.com



သည်နေ့ညသည် တရားပွဲအဆုံးသတ်မည့်ည ဖြစ်သည်။ သို့သော် တရား၏အရှိန်မှာ ကောင်းနေဆဲဖြစ်သဖြင့် တပည့်ဒကာတွေ၏ တောင်းဆိုချက်အရ နောက်ထပ်သုံးည ထပ်တိုးပေဦးတော့မည်။

တရားပွဲကျင်းပရာနေရာသည် စမ်းချောင်းမြို့နယ်ရှိ ကံမြင့်ကျောင်းတိုက်။

တရားဒေသနာ ဟောကြားပြသသည့် ဆရာတော်မှာ အောင်ဆန်းတပ်ဦးကျောင်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို ခံယူလျက် ပဋိစ္စသမုပ္ပါဒ် ဒေသနာအစဉ်ကို စက်ဝိုင်းဖြင့် သရုပ်ဖော် ပုံပြ ဖွင့်ဆို ရှင်းလင်းဟောပြခဲ့သည်မှာ မဆုံးနိုင်၊ မကုန်နိုင်။

ကျယ်ဝန်းလှသော ပဋိစ္စသမုပ္ပါဒ်သံသရာစက်ဝိုင်းကြီးကား သိစရာတွေ အနန္တ။ မှတ်သားစရာတွေက အနန္တ။ လေ့လာစရာတွေ အသင်္ချေ။ ဆည်းပူးစရာတွေ သိန်းသန်းကုဋေ။

တစ်ရက်နာကြားပြီးလေတိုင်း နောက်တစ်ရက် မနာကြားဘဲ မနေနိုင်။ နောက်တစ်ရက် နာကြားပြီးသောအခါတွင်လည်း နောက်ထပ်တစ်ရက် ဆက်လက် နာကြားချင်နေပြန်သည်။ တစ်ရက်ပြီးတစ်ရက် သိလိုစိတ်တွေ ပိုမိုထက်သန်လာသည်။ တရားတော်ကို လေးလေးစားစား နာယူလိုစိတ်တွေ ပိုမိုပြင်းပြလာသည်။ သည် တရားသင်တန်းကို မတက်ခဲ့၊ မနာကြားခဲ့စဉ်က သူတို့မိသားစုသည် မြန်မာပြည်နေရာအနှံ့ တွေ့ရတတ်သော စက်ဝိုင်း

mgyoe.com

mgyoe.com



ကြီးကို နားမလည်စွာဖြင့် ငေးကြည့်ခဲ့ကြသည်သာ။

တစ်နည်းအားဖြင့် သူတို့မိသားစုသည် သည်စက်ဝိုင်းကြီးကို ကြောက်ခဲ့ကြသည်။ နားမလည်နိုင်ဟူသော စိုးရွံ့သိမ်ငယ်စိတ်ဖြင့် စက်ဝိုင်းအနီးသို့ မချဉ်းကပ်ရဲကြ။ ဆိုရလျှင် စက်ဝိုင်းကြီးသည် သူတို့အတွက် သူစိမ်းတစ်ရုံဆံလို ဖြစ်နေသည်။ ပဋိစ္စသမုပ္ပာဒ် ဒေသနာဆိုသော စကားလုံး အစုအဝေးကြီးက သူတို့ကို ခြိမ်း ခြောက်သလို ဖြစ်နေသည်။ သို့ဖြင့် သူတို့သည် မြင်ဖူးသော်လည်း အဓိပ္ပာယ်ကို မသိသဖြင့် သူစိမ်းပြင်ပြင် ဖြစ်ခဲ့ရသည်။

ယခုတော့ ထိုသို့မဟုတ်ပြီ။ အောင်ဆန်းတပ်ဦး ဆရာတော် ၏ မေတ္တာရှေ့ထား ဟောကြားပြသမှုကြောင့် သည်စက်ဝိုင်းကြီး အတွင်းသို့ သူတို့တစ်မိသားစုလုံး ရဲဝံ့စွာ ချဉ်းကပ်ဝင်ရောက်နိုင်ခဲ့ ကြပေပြီ။ စက်ဝိုင်းကြီးသည် သူတို့နှင့် ရင်းနှီးခင်မင် ယဉ်ပါးသွား လေပြီ။ စက်ဝိုင်းထဲက စကားလုံးတွေ၏ အဓိပ္ပာယ်တွေကိုလည်း အတန်အသင့် နားလည်ခဲ့ရပြီ။ တကယ်တော့ စက်ဝိုင်းထဲက အဓိပ္ပာယ်ပါသော စကားလုံးတွေသည် သူတို့၏ ခန္ဓာဖြစ်စဉ်ကို နားလည်လွယ်အောင် စုစည်းထားခြင်းပါလား။ အမှန်တကယ်တွင် စက်ဝိုင်းကြီးသည် သူတို့၏ခန္ဓာကို ကိုယ်စားပြု ပြောကြားနေသော စကားလုံး ပုံရိပ်တွေပါလား...။

ဆရာတော် ဆွဲခေါ်ညွှန်ပြသော စက်ဝိုင်းဒေသနာထဲမှ အကြောင်းအကျိုးဖြစ်စဉ်တွေကို သဘောပေါက်လာသောအခါ အမြင်မှား၊ အယူမှား၊ အသိမှားများဖြင့် အမှတ်တမဲ့ စွဲကိုင်ထား သော အယူအဆအချို့သည် ပျက်ပြယ်လွင့်ပါးခဲ့ရလေပြီ။

mgyoe.com

mgyoe.com


တစ်ဆင့်ပြော၊ တစ်ဆင့်စကားတို့ဖြင့် ကိုးကွယ်ယူဆခဲ့သည်များထဲမှ အချို့သောအမှားများကို ရှာဖွေတတ်လာသည်။ တစ်ဆင့်စကား၊ တစ်ဆင့်ကြားမှုဖြင့် အသိဉာဏ်ရှိလှပြီဟု သူတို့ကိုယ်သူတို့ ထင်ထားခဲ့သမျှသည် ယခုတော့ အချည်းနှီးသာတည်း။ ကိုယ်ပိုင်အသိ မရှိသေးသမျှ၊ ကိုယ်ပိုင်တရား မဖြစ်သေးသမျှ သူများပါးစပ်ဖျား၌ လမ်းဆုံးနေသော သူတို့ဘဝတွေ ယောင်လည်လည်ဖြစ်ခဲ့ရပုံကို ပြန်မြင်ယောင်မိသည်။ မလွယ်ပါလား။

ခုတော့ သားငယ်ကလေးသည်ပင် ဆရာတော် ဟောကြားရွတ်ဆို တိုင်တည်ပေးသော ပဋိစ္စသမုပ္ပာဒ်ဒေသနာ ကဗျာလင်္ကာလေးကို အလွတ်ရနေပေပြီ...။

"အဝိဇ္ဇာ ဘယ်မှာနေ မိမိစိတ်မှာနေ
တစ်ခါတလေ မိုက်မဲမှု သင်္ခါရကိုပြု၊
သင်္ခါရပြုတော့ ဝိညာဏ်တွယ် နာမ်ရုပ်အိမ်ကိုဆွယ်
အကြည်ခြောက်သွယ် မှန်တံခါး ကောင်းစွာတပ်ဆင်ထား၊
အာရုံခြောက်ပါး တွေ့ဆုံသော် ဝိညာဉ်ခြောက်ပါး
ဆိုင်ရာပေါ်
ပေါ်လာလေတဲ့ အာရုံများ ကောင်းစွာသူခံစား၊
ခံစားပြီးတော့ လိုချင်ပြန် စွဲလမ်းဉပါဒါန်
ဉပါဒါန်ကြောင့် ရလိုမှု ကံတွေ ကံတွေ ထပ်ဆင့်ပြု၊
ကံပြုမိတော့ ဇာတိခေါ် နာမ်ရုပ်အသစ်ပေါ်
နာမ်ရုပ်ပေါ်တော့ အိုနာဆုံး သေတော့ခေါင်းတစ်လုံး"

မူရင်းလင်္ကာရှင် ဆရာတော်ဦးယောသိတ (တစ်ဘဝ

mgyoe.com

mgyoe.com



သာသနာကျမ်းပြု)၏ ကျေးဇူးတရားကိုပါ တစ်ဆက်တည်း သတိရမိသည်။ သားငယ်သည် ဓမ္မဒါနအဖြစ် ဖြန့်ဝေထားသော စာရွက်ကလေးကို ကြည့်၍ တရားပွဲအသွားအပြန် ကားပေါ်တွင် အထပ်ထပ် ရွတ်ဆိုခြင်းဖြင့် နှစ်ရက်အတွင်း၌ အလွတ်ရသွားပေပြီ။ ဆရာတော် တရားဟောနေစဉ်၌လည်း သားငယ်သည် မိခင် ဖခင်နှစ်ဦးကြားထိုင်ကာ ဆရာတော်မေးသမျှကို လူကြီးတွေနောက်မှ သံယောင်လိုက်ကာ ဖြေခဲ့သည်သာတည်း။ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အပြန်အလှန် အမေးအဖြေဖြင့် ဟောကြားခဲ့သော ပဋိစ္စသမုပ္ပာဒ်ဒေသနာ တရားသင်တန်းမှာ စိတ်လွင့်ငိုက်မျဉ်းချိန်မရ။ တရားပွဲတစ်ခုလုံး မေးသံ၊ ဖြေသံတွေဖြင့် တက်ကြွရှင်လန်းနေသည်။ သည်တော့ သားငယ်သည်လည်း သံယောင်လိုက်ဖြေရင်း ဆရာတော့် မေးခွန်းသံကို စောင့်ရင်းဖြင့် ပျင်းတယ်၊ ပြန်တော့မယ်၊ အပြင်လမ်းထွက်လျှောက်မယ်ဟု ဂျီကျချိန်မရတော့။ တရားပွဲအပြီး ခန္ဓာဉာဏ်ရောက် အလုပ်တရားဖြင့် အဖြေရှာသောအခါ၌လည်း သားငယ်သည် လူကြီးတွေနှင့် အတူတူယှဉ်ထိုင်သည်။ အိမ်မှာလည်း နေ့စဉ် ၁၀ မိနစ်ခန့် ထိုင်နေကျမို့ တရားထိုင်ခြင်းသည် သူ့အတွက် ဘာမျှမဆန်းတော့။ ကျင့်သားရနေပေပြီ။ ပရိသတ်နှင့် အတူယှဉ်၍ ထိုင်နေကျအချိန်ထက်ပို၍ ထိုင်ရခြင်းကသာ သားငယ်အတွက် အတန်ငယ် အခက်အခဲရှိလိမ့်မည်။ သို့သော် သူတို့ဇနီးမောင်နှံကမူ သားငယ်၏ အခက်အခဲကို ဂရုမစိုက်အားပေ။ ဆရာတော့်တရားကို အမီလိုက်နေရသဖြင့် သူတို့သည်လည်း သူတို့အလုပ်နှင့်သူတို့၊ သားငယ်

mgyoe.com

mgyoe.com



သည်လည်း သားငယ်အလုပ်နှင့် သားငယ်ပဲပေါ့။

တရားပွဲပြီးပြန်တော့ ဓမ္မာရုံအတွင်းမှ ဖျာတွေ သိမ်းဆည်းသည့် ဝေယျာဝစ္စအလုပ်ကိုလည်း ရွှင်ရွှင်လန်းလန်း၊ တက်တက်ကြွကြွ ဆောင်ရွက်လိုက်သေးသည်။ ဤသို့ဖြင့် ဆယ့်တစ်ရက်သော အချိန်အတိုင်းအတာတွင် သားငယ်သည် တရားနာလိုက်၊ နားလည်လည်၊ မလည်လည် ပြန်ဖြေလိုက်၊ ဝေယျာဝစ္စလုပ်လိုက်၊ ပဋိစ္စသမုပ္ပါဒ်လက်ကာကို ကားပေါ်မှာ အထပ်ထပ်အခါခါ ရွတ်ဆိုလိုက်နှင့် ပတ်ဝန်းကျင်အပေါ် မူတည်၍လည်းကောင်း၊ အာရုံအထိအတွေ့ပေါ် မူတည်၍လည်းကောင်း သားငယ်၏အတွင်းစိတ်သည် အတော်အသင့် ပြောင်းလဲသွားခြင်း ဖြစ်တန်ရာသည်။ သားငယ်၏ နှလုံးအိမ်အတွင်းသို့ ဝင်မှန်းမသိ ဝင်နေသော ဓမ္မလှိုင်းများသည် သားငယ်၏နှလုံးအိမ်ကို အတန်အသင့် နူးညံ့ပျော့ပျောင်းစေပေလိမ့်မည်။ ဤသို့သောအကြောင်းများကြောင့် သားငယ်သည် အမှန်တကယ် တရားအပေါ်၌ စိတ်ညွတ်နူးမှုဖြစ်သွားခြင်းပေလားဟု သူ သုံးသပ်နေမိသည်။

ကားကလေးကို အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။ ခြံတံခါးဖွင့်ပြီးသောအခါ ကားဂိုဒေါင်အတွင်းသို့ ကားကိုထည့်သည်။ ဂိုဒေါင် တံခါးပိတ်ပြီးမှ အိမ်မအတွင်းသို့ သူ ဝင်ဖြစ်တော့သည်။ ဧည့်ခန်းသို့ရောက်သောအခါ သားငယ်သည် ရှိုက်ကြီးတငင် ငိုနေလေပြီ။ သူ ရုတ်တရက် စဉ်းစားမရနိုင်။ သို့နှင့် သားငယ်ကိုပွေ့ချီလိုက်ရသည်။ သားငယ်ကို နှစ်သိမ့်ရပေမည်။

"သား ဘာဖြစ်လို့ငိုတာလဲ သား"

mgyoe.com

mgyoe.com



"သား ဆရာတော့်အသံကို ကြားကြားပြီး ငိုချင်တာပဲ၊ ဘာဖြစ်မှန်းကို မသိဘူး"

သည်အခါတွင်တော့ သားငယ်၏မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးငယ်တို့သည် တသွင်သွင် စီးကျလာပေပြီ။ သားငယ်၏ရှိုက်သံများကြားမှပင် သားငယ်ကို မေးခွန်းမေးဖြစ်သည်။

"သား အခုလိုငိုမိတာ သားကို မေမေကြီးက ရိုက်လို့လား"

"မဟုတ်ဘူး"

"ဖေဖေကြီးရိုက်လို့ ငိုတာလား"

"မဟုတ်ဘူး"

"ဒါဖြင့် သားလိုချင်တဲ့ ကစားစရာ ပစ္စည်းတစ်ခုခုမရလို့ ငိုတာလား"

"မဟုတ်ဘူး"

"သားကျောင်းက ဆရာမ ရိုက်လို့လား"

"မဟုတ်ဘူး"

"သားကျောင်းမှာ စာမေးပွဲ မဖြေနိုင်လို့လား"

"မဟုတ်ဘူး၊ သား ဖြေနိုင်သားပဲ၊ စာမေးပွဲလည်း အောင်သားပဲ"

"ဒါဖြင့်ရင် ဘာဖြစ်လို့လဲ"

"ခုနက ဖေကြီးကို ပြောပြီးပြီလေ၊ ဆရာတော့်အသံကို ကြားလို့ဆိုတာ"

"ဆရာတော့်အသံတွေက ဆယ့်တစ်ရက်လုံးလုံးဆိုတော့ အများကြီးပဲ၊ ဘယ်အသံကြောင့် သား ငိုချင်လာရသလဲ"

mgyoe.com

mgyoe.com



"ဟိုဟာလေ... ဆရာတော် တရားပွဲပြီးတဲ့အခါတိုင်းရွတ်တဲ့ အသံလေ၊ အဲဒီအသံကြားတိုင်း သား ငိုချင်လာတယ်၊ ဒီနေ့တော့ သား တကယ် မထိန်းနိုင်တော့ဘူး"

"ဟို... မေတ္တာပို့ ဆုတောင်းတာလား"

"ဟုတ်တယ်လေ၊ ဆရာတော် ဆိုတာလေ"

သည်နေရာအရောက်တွင် သားငယ်သည် အငိုလျှော့ပါးခဲ့လေပြီတည်း။ သားငယ်၏မျက်ရည်တို့သည်လည်း တိတ်လာခဲ့လေပြီတည်း။

"ကဲ... ဆရာတော် ဆိုခဲ့တဲ့အသံကို သား မှတ်မိသေးလား"

သားကို အာရုံပြောင်းပေးလိုက်ရသည်။ ခုနစ်နှစ်သား ဖြစ်လာသဖြင့် တွေ့သမျှစာအုပ်တွေ ဖတ်ချင်၊ မှတ်ချင်၊ ဆိုချင်နေသောသူ့စိတ်ဝင်စားမှုကို မြှင့်တင်ပေးလိုက်ရသည်။

"မှတ်မိတယ်၊ နေပါဦး၊ သားက အစကလေး မေ့နေလို့"

"သတ္တလောကဓာတ် လူနတ်ဗြဟ္မာတွေ"

"ဟုတ်ပြီ၊ ဟုတ်ပြီ သားရပြီ"

သားငယ်သည် ဆရာတော် တိုင်တည်ဆုတောင်းသံအတိုင်း ရွတ်ဆိုနေပြန်သည်။ တစ်အိမ်သားလုံး သားငယ်၏အသံကို ဝိုင်း၍ နားထောင်နေကြသည်။

"သတ္တလောကဓာတ် လူ၊ နတ် ဗြဟ္မာတွေ
မြတ်ဘုရား၏ တရားအစစ်တွေ
ရိုသေလေးစား ကျင့်အားပိုစေ
နိဗ္ဗာန်လမ်း စံမြန်းနိုင်ပါစေ။

mgyoe.com

mgyoe.com



လောဘ၊ ဒေါသ၊ မောဟထိန်ဝေ
ဤမီးသုံးပါး ကြီးမားပလေ
နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေ
ကမ္ဘာတည်သမျှ ထွန်းပနိုင်ပါစေ…။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ စသော စကားလုံးတွေ၏ အဓိပ္ပာယ်ကို သားငယ် အပြည့်အဝ နားလည်နိုင်ဦးမည်မဟုတ်ပါ။ သို့သော် ဓမ္မစာတ်၊ ဓမ္မလှိုင်းတစ်ခုကတော့ သည်စကားလုံးတွေရွတ်ဆိုရင်း သည်ပတ်ဝန်းကျင်ထဲမှာ ထိတွေ့သွားလာရင်းမှ ပင် မလွယ်ပေါက်တစ်ခုမှသည် သားငယ်၏နှလုံးအိမ်အတွင်းသို့ စိမ့်ဝင်စီးဆင်းသွားခဲ့ပြီ ဖြစ်ပါသည်။ ဤသည်မှာ ဆရာတော်၏ မေတ္တာဓာတ်ပါသော တရားဖြန့်ဝေမှုကြောင့် ဖြစ်သည်ဟု သူ ထင်မိသည်။

မြတ်ဘုရား၏ တရားအစစ်သည် အဓိပ္ပာယ် နားမလည်နိုင်သေးသော ကလေးငယ်တစ်ဦး၏ရင်ထဲသို့ စိမ့်ဝင်သွားနိုင်ခဲ့သည်မှာ မယုံကြည်နိုင်လောက်အောင် အံ့သြဖွယ်ပါတကား။ အကယ်၍သာ သားငယ်သည် တရားအပေါ် သည့်ထက် ရိုသေလေးစားကျင့်ကြံအားထုတ်ခဲ့ပါလျှင်…။

## (၃)

လူတိုင်းတွင် မှောင်မိုက်ခြင်းအဝိဇ္ဇာတွေသည် မွေးရာပါအဖြစ်ပါလာခဲ့ပြီးသားဖြစ်ပါသည်။ သူ့သားငယ်တွင်လည်း မှောင်မိုက်

mgyoe.com

mgyoe.com



ခြင်း အဝိဇ္ဇာသည် ပဋိသန္ဓေဝိညာဏ် အခြေစပြုကတည်းက ပါလာခဲ့ပြီးသား ဖြစ်ပါသည်။

ဘုရား၏တရားတော်အစစ်ဖြစ်သော အလင်းတန်းတစ်စွန်းတစ်ပြက်ကလေးသည်ပင်လျှင် မှောင်မိုက်မှု အဝိဇ္ဇာကို မြင်အောင်ထွန်းလင်းပြသနိုင်ခဲ့သော ဖြစ်ရပ်သည်ကား သားငယ်၏ဖြစ်စဉ်၌ အထင်အရှား ရှိခဲ့ပေပြီ။

ထိုသို့သော အလင်းတန်း တစ်စွန်းတစ်ပြက်မှသည် အမြဲတစေ လင်းထိန်နေမည့် ဝိဇ္ဇာအလင်းတန်းကြီး ပေါ်ထွန်းလာအောင် လူတိုင်းလူတိုင်း ကြိုးစားဆောင်ရွက်သွားမည်ဆိုပါလျှင်...

သူတော်ကောင်းတရားတို့သည် ကမ္ဘာတည်သမျှ ထွန်းပလင်းလက်နေလိမ့်မည်ဟု သူ ယုံကြည်နေမိပါတော့သည်။

၆-၃-၂၀၀၁

❑

mgyoe.com

mgyoe.com



- သဘာဝတရားကြီးထဲတွင် ဒေါသစေတသိက်တို့သည် အလျှံပယ် ရှိနေသည်။
- သည်ဒေါသစေတသိက်တွေကို လူတို့သည် ကိုယ်ပိုင်ပစ္စည်းသဖွယ် လိုအပ်သည့်အချိန်တွင် လိုအပ်သလို ထုတ်ယူသုံးစွဲနေကြလေသည်။
- မျက်လုံးက စဖြစ်လာတဲ့ ဒေါသလား၊ နှာခေါင်းက စဖြစ်လာတဲ့ ဒေါသလား၊ ပါးစပ်က(လျှာက) စဖြစ်လာတဲ့ ဒေါသလား၊ ကိုယ်ခန္ဓာ တစ်ခုလုံး ပေါ်ရှိ တစ်နေရာရာက စဖြစ်လာတဲ့ ဒေါသလား၊ စိတ်ထဲမှာ ကြံစည် တွေးတောရင်း ဖြစ်လာတဲ့ ဒေါသလား၊ ဘယ်နေရာက ဖြစ်လာ၊ ဖြစ်လာ ဒေါသကတော့ လွယ်လင့်တကူပင် ရောက်လာတတ်သည်။
- ဟော... အခုလည်းကြည့်၊ နားကကြားသော အသံကြောင့် နှလုံးသွင်း ဆင်ခြင်ရင်းက ဖြစ်လာတော့မယ့် ဒေါသ။
- သတိပဋ္ဌာန်တရားတော်၏ ခြေဖဝါးအောက်၌ နေ့စဉ်နှင့်အမျှ လေ့ကျင့် ခဲ့မှုသည် အခါမလင့် အကျိုးပေးခဲ့ပြီတည်း။
- စိတ်တစ်ခု ဖြစ်ပေါ်မည်ရှိဆဲ ထိုစိတ်၏ရှေ့၌ လေ့ကျင့်မွေးမြူထားသော 'သတိ'က ရောက်လို့လာသည်။
- သတိနှင့်ယှဉ်သောစိတ်က နောင်ဖြစ်ပေါ်တော့မည့် စိတ်များကို ဦးတည် ချက် ပြောင်းပေးလိုက်သည်။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



သတိပဋ္ဌာန်တရားတော်၏ ခြေဖဝါးအောက်၌
နေ့စဉ်နှင့်အမျှ လေ့ကျင့်ခဲ့မှုသည်
အခါမလင့် အကျိုးပေးခဲ့ပြီတည်း။ စိတ်တစ်ခု ဖြစ်ပေါ်မည်ရှိဆဲ
ထိုစိတ်၏ရှေ့ လေ့ကျင့်မွေးမြူထားသော "သတိ"က ရောက်လို့လာသည်။
သတိနှင့်ယှဉ်သောစိတ်က နောင်ဖြစ်ပေါ်တော့မည့် စိတ်များကို
ဦးတည်ချက် ပြောင်းပေးလိုက်သည်။

## မနောကံ၏နယ်ပယ်

ပညာရပ်ဆိုင်ရာ လေ့ကျင့်ခန်းတစ်ခုကို လက်တွေ့လေ့ကျင့်လိုက်ရသလိုပင်။

ပြင်းထန်လှသော စကားလုံးများ၊ စွပ်စွဲချက်များ၊ ရင့်သီးလှသော ဝေါဟာရများသည် သူ့နားစည်မြွေးမှတစ်ဆင့် နှလုံးအိမ်ထိ စူးစိုက်ဝင်ကုန်သည်။ တိုက်ပွဲအရှိန် မြင့်တက်နေသော စစ်မြေပြင်၌ လေးသည်တော်တို့ ပစ်လွှတ်လိုက်သည့် မြားအစင်းများစွာတို့သည် ချပ်ဝတ်တန်ဆာ၊ ဒိုင်းအကာများ၌ လာရောက်စူးစိုက်ကုန်သည့်နှယ်...။

သတိကြီးစွာ ထားနေရသည်။ စကားလုံးတို့ကို နှလုံးမသွင်းမိစေရန် မနားတမ်း ဂရုစိုက်နေရသည်။ ဒါတောင်မှ လွှတ်ထွက်

mgyoe.com

mgyoe.com



သွားသော စကားလုံးအချို့သည် နှလုံးအိမ်အထိ သွားရောက်ရိုက်ခတ်မိသေးသည်။ စိတ်က နှလုံးအိမ်ရှိ ဟဒယရုပ်ဘက်သို့ ဦးလှည့်လိုက်သည်နှင့် ဒေါသလှိုင်းတို့က ခုံးထလာသလို ဖြစ်ရပြီ။ မဖြစ်။ ဒေါသလှိုင်းအရှိန်ကို လက်ခံမွေးမြူ၍မဖြစ်။ အစပျိုးသည့်နေရာကို လက်ဦးအောင် တွေ့ထားလျက်က တစ်ကိုယ်လုံး ပျံ့နှံ့လောင်ကျွမ်းသွားသည်အထိဆိုလျှင် ညံ့ရာကျမည်။ သည်နေရာတွင် ဆုံးဖြတ်ချက် မြန်မှဖြစ်မည်။ စိတ်ကို နားစည်မြွေးဆီသို့ ချက်ချင်း ဦးလှည့်ပစ်လိုက်သည်။

ထိုအခါ အသံတွေကို ကြားနေရသည်။ သူ့မိတ်ဆွေကြီး၏ အသံ။ သူ့မိတ်ဆွေကြီးကမူ သူ့အပေါ် စွပ်စွဲ၍ကောင်းနေဆဲ။ ပိုမိုပြင်းထန်သော စကားလုံးများကို ရွေးချယ်ပြောနေဆဲ။ ပြောသူက သူ့မိတ်ဆွေ၊ နားထောင်သူက သူ၊ လည်စင်းခံသလို ခေါင်းငုံ့ထားရာမှ သူ တစ်ချက် မော့ကြည့်လိုက်မိသည်။ သူ့မိတ်ဆွေကြီး၏မျက်နှာသည် နီမြန်းနေသည်။ မျက်နှာပေါ်ရှိ အသားစိုင်၊ အသားခဲတို့သည် ဆူပွက်ပွထနေသည့် ရေနွေးအမြှုပ်တွေအလား။ ချွေးစေးတွေပျံနေသော သူ့မိတ်ဆွေကြီး၏မျက်နှာသည် ရေနွေးငွေ့များ သီးဖွဲ့နေသည့်အလား။

သူ့မိတ်ဆွေကြီး၏ ဒေါသပုံရိပ်ကို သူ ကောင်းကောင်းကြီး မြင်နေရသည်။ သည်မြင်ကွင်းသည် မြင်လို့ကောင်းတဲ့ပုံရိပ် ဖြစ်မတဲ့လား။ သည်ဒေါသ ပုံရိပ်ကြီးသည် ပတ်ဝန်းကျင်ကို ချပြ၍ကောင်းသော ပုံရိပ်ဖြစ်မတဲ့လား။ သူ့မျက်လုံးသည် ပတ်ဝန်းကျင်တစ်ခွင်သို့ တစ်ချက်မျှ ဝေ့ဝဲကြည့်လိုက်မိပြန်သည်။ အားလုံး၏

mgyoe.com

mgyoe.com



မျက်နှာများသည် သုန်သုန်မှုန်မှုန်၊ မှိုင်းထိုင်းထိုင်း၊ သူမှလွဲ၍ သူ့မိတ်ဆွေကြီး၏ ပတ်ဝန်းကျင်မှ လူအားလုံးသည် သူ့မိတ်ဆွေကြီး၏ တပည့်တပန်းများပင်တည်း။ သူတို့ခမျာ သူတို့၏ဆရာပြောတာများ မှန်လေမလား၊ သူတို့ဆရာ၏မိတ်ဆွေဖြစ်သူ 'သူ့'ဘက်ကများ မှန်နေလေမလား။ ခွဲခြားရခက်နေဟန်ရှိသည်။

သည်အခြေအနေရောက်မှတော့ ဘေးက ပရိသတ်ကို သူ့ဘက်ပါဖို့ အကူအညီ မတောင်းချင်တော့ပါ။ သည်နေရာကို ရောက်လာခြင်းသည်ပင်လျှင် သူနိုင်ငါနိုင် စကားရည်လုပွဲ ဆင်နွှဲဖို့လည်းမဟုတ်။ ပညာရပ်ဆိုင်ရာ အကူအညီတစ်ခု လိုအပ်သဖြင့်၊ သူ့မိတ်ဆွေကြီး တတ်နိုင်၊ ကူညီနိုင်မည်ဟု ယူဆသဖြင့် သူ ရောက်ခဲ့ရခြင်းပင်။ သို့သော် သူ မျှော်လင့်သည်က တစ်မျိုး၊ ရလာတော့ တစ်မျိုးဖြစ်သည်။ သူ့မိတ်ဆွေကြီးသည် မကူညီသည့်အပြင် သူနှင့်ပတ်သက်ခဲ့သော လူများ၊ အဖွဲ့အစည်းများနှင့်ပတ်သက်၍ မကျေနပ်ချက်များကို ဖွင့်ဟပြောဆိုတော့သည်။ ထိုအကြောင်းများနှင့်ပတ်သက်၍ သူကရော ဘာများ တတ်နိုင်ပါဦးမည်နည်း။ သူ့မှာ ရှင်းပြပြောဆိုခွင့်မရသေးမီမှာပင် သူ့မိတ်ဆွေကြီး၏ စွပ်စွဲပုတ်ခတ် ပြောဆိုမှုများက သူ့အပေါ် ဦးတည်သလို ဖြစ်လာသည်။ သူ့မိတ်ဆွေကြီး မကျေနပ်နေသော ပုဂ္ဂိုလ်တို့၏ ကိုယ်စားလှယ်သည် 'သူ'ဟု သူ့မိတ်ဆွေကြီး မှတ်ယူလိုက်လေသလားမသိ။ သူ့ကို ပယ်ပယ်နယ်နယ် 'တွယ်'ပါတော့သည်။ ပြင်းပြင်းထန်ထန်နှင့်နှင့်သီးသီး ပြောပါတော့သည်။

လာမိတာ မှားပြီဟု သူ သံဝေဂရလိုက်ချိန်၌ သူ့ခမျာ

mgyoe.com

mgyoe.com



သူ့မိတ်ဆွေကြီး၏ တနင့်တသီး ပြောဆိုမှုအောက်တွင် လည်စင်း ခံရပေပြီ။ မတတ်နိုင်။ ပြောလိုက ပြောစေတော့။ နားထောင်ဖို့က သူ့တာဝန်။ သည်နေရာတွင် နားထောင်တတ်ဖို့ အရေးကြီးသည်ကို သူ သတိပြုမိလာသည်။

"မင်း စွပ်စွဲနေတာတွေ တစ်ခုမျှ မဟုတ်ဘူးကွ၊ ငါနဲ့လည်း ဘာမျှမဆိုင်ဘူး၊ ငါ့စကား နွားရဆိုပြီးတော့ မင်းပြောချင်တာတွေ လျှောက်ပြောမနေနဲ့"ဟု တုံ့ပြန်လိုက်လျှင် မည်သို့ရှိမည်နည်း။ သူ့ဘက်က စစ်မျက်နှာ ထပ်ဖွင့်သလို ဖြစ်သွားမည်။ ထိုအခါ သူ့မိတ်ဆွေကြီး၏ ဒေါသကွန်ရက်တို့သည် ပိုမိုကြီးထွား တောက်လောင်သွားမည်။ အပြန်ပြန် အလှန်လှန် ခွန်းကြီးခွန်းငယ် စကားများကုန်တော့မည်။ နောက်ဆုံးအဆင့် ကိုယ်ထိလက်ရောက်တွေ ဖြစ်မည်။ သည်လိုဆိုလျှင် မည်သူ အကျိုးရှိမည်နည်း။

သူ့စိတ်ကို အေးအေးထားလိုက်သည်။ စကားလုံးတို့၏ အဓိပ္ပာယ် မှန်သမျှသည် သူ့ကိုထိခိုက်သည်ဟု နှလုံးသွင်းလေလျှင် သူ့မိတ်ဆွေကြီး၏ ဒေါသသည် သူ့ဒေါသဖြစ်လာတော့မည်။ ထိုအခါ သူ့မိတ်ဆွေကြီး ပုံသွင်းသလို သူ ဖြစ်သွားတော့မည်။ သူ့မိတ်ဆွေကြီး ဖြစ်စေချင်သည့်ပုံအတိုင်း သူ ဖြစ်လာခဲ့ပြီဆိုပါလျှင် သူ့လောက်ညံ့သူ ရှိနိုင်ပါဦးမလား။ ဒါဆိုလျှင် စိတ်ကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ထားသည့် သူ့အလေ့အကျင့်တွေသည် ဘယ်ဆီသို့ ပျောက်ဆုံးကုန်ပါသနည်း။ သူ နာမည်ပျက်သည်က အကြောင်းမဟုတ်။ သူ လေ့ကျင့်နေသော ဓမ္မနာမည် အပျက်တော့ မခံနိုင်။ ဒီကောင်ကွာ တရားဓမ္မတွေလည်း အလေ့

mgyoe.com

mgyoe.com



အကျင့် လုပ်နေသေးတယ်။ အခုတော့ ဒေါသကြီးလိုက်တာ လွန်ရောပဟု သူ အပြောခံရတော့မည်လော။ ဓမ္မ၏ ဖြူစင်သောမျက်နှာကို သူ့ဒေါသဖြင့် အိုးမဲသုတ်ပစ်မည်လော။ သူ ဤသို့ အဖြစ်မခံနိုင်ပါ။

သဘာဝတရားကြီးထဲတွင် ဒေါသစေတသိက်တို့သည် အလျှံပယ်ရှိနေသည်။ သည်ဒေါသ စေတသိက်တွေကို လူတို့သည် ကိုယ်ပိုင်ပစ္စည်းသဖွယ် လိုအပ်သည့်အချိန်တွင် လိုအပ်သလို ထုတ်ယူသုံးစွဲနေကြလေသည်။ မျက်လုံးက စဖြစ်လာတဲ့ ဒေါသလား၊ နှာခေါင်းက စဖြစ်လာတဲ့ ဒေါသလား၊ ပါးစပ်က(လျှာက) စဖြစ်လာတဲ့ ဒေါသလား၊ ကိုယ်ခန္ဓာတစ်ခုလုံးပေါ်ရှိ တစ်နေရာရာက စဖြစ်လာတဲ့ ဒေါသလား၊ စိတ်ထဲမှာ ကြံစည်တွေးတောရင်း ဖြစ်လာတဲ့ ဒေါသလား၊ ဘယ်နေရာက ဖြစ်လာ၊ ဖြစ်လာ ဒေါသကတော့ လွယ်လင့်တကူပင် ရောက်လာတတ်သည်။ ဟော... အခုလည်း ကြည့်၊ နားကကြားသော အသံကြောင့် နှလုံးသွင်းဆင်ခြင်ရင်းက ဖြစ်လာတော့မယ့် ဒေါသ။

သတိပဋ္ဌာန်တရားတော်၏ ခြေဖဝါးတော်အောက်၌ နေ့စဉ်နှင့်အမျှ လေ့ကျင့်ခဲ့မှုသည် အခါမလင့် အကျိုးပေးခဲ့ပြီတည်း။ စိတ်တစ်ခု ဖြစ်ပေါ်မည်ရှိဆဲ ထိုစိတ်၏ရှေ့၌ လေ့ကျင့်မွေးမြူထားသော 'သတိ'က ရောက်လို့လာသည်။ သတိနှင့်ယှဉ်သောစိတ်က နောင် ဖြစ်ပေါ်တော့မည့် စိတ်များကို ဦးတည်ချက် ပြောင်းပေးလိုက်သည်။

"မင်း ဒေါသဖြစ်တော့မလို့ မဟုတ်လား၊ ဖြစ်ပါ၊ မဖြစ်နဲ့လို့

mgyoe.com

mgyoe.com



မပြောပါဘူး၊ ပုထုဇဉ်ပဲ။ ကိုယ့်ကို စော်ကားရင် မခံချင်စိတ်၊ ဒေါသစိတ်တွေ ဖြစ်မှာပဲ၊ ဒါ သဘာဝပဲ။ ဒေါသမဖြစ်ပါနဲ့လို့ အတင်းချုပ်ထားလို့မှမရတာ။ ကဲ... ထားတော့၊ အခု မင်းမှာ ဒေါသဖြစ်ပြီ၊ နောက်ထပ်ဒေါသတွေ ထပ်မဖြစ်ခင် ပထမဦးဆုံး ဖြစ်လိုက်တဲ့ ဒေါသစိတ်ကလေးကြောင့် မင်းကိုယ်ထဲ နေရာအနှံ့ ဘာတွေဖြစ်သွားသလဲ၊ တစ်ချက်ကြည့်လိုက်ဦး"

သည်တော့မှ ခန္ဓာကိုယ်ထဲ နေရာအနှံ့ စူးစိုက်ကြည့်မိလိုက်သည်။ မကြည့်မီမှာပင် ဒေါသစိတ်ကို ရှုမိလျက်သားဖြစ်သွားသဖြင့် ဒေါသစိတ်တို့ ပျက်ပြယ်သွားသည်။ ခန္ဓာဘက်ဆီသို့ ဦးတည်လိုက်သည်။ လား.... လား... ခန္ဓာကိုယ်ထဲ နေရာအနှံ့ ဆူပွက်သွားပါလား။ နှလုံးအိမ်ကို ဗဟိုပြု၍ သွေးတို့သည် ကျဲတောက် ပူနွေးစွာ ဖြာကျစီးဆင်းသွားပါရောလား။

နှလုံးအိမ်နေရာဆီသို့ အာရုံပြုလိုက်မိပြန်သည်။ ခံပြင်းသောစိတ်တို့ဖြစ်ပွားရာ နှလုံးအိမ်နယ်မြေသည် စူးနစ်ပူလောင်နေဆဲ။ စူးရှမွန်းကျပ်နေဆဲ။ ထိုအချိန်တွင် သူ့မိတ်ဆွေကြီး ဘာတွေပြောနေသည်ကို သူ မသိတော့ပါ။ အပြင်ဘက်မှ အသံတို့ဖြစ်ပေါ်နေသည်ကိုတော့ သူ သိပါသည်။ သို့သော် ဘာတွေပြောနေမှန်း သူ မသိတော့။ ဘယ်သိနိုင်ပါတော့မလဲ။ သူ့အာရုံက သူ့နှလုံးအိမ်ဆီမှာကိုး။

နှလုံးအိမ်ရှိ စူးရှပူလောင်နေသော ခံစားမှုသည် နောက်ထပ်အာရုံတွေ မဝင်လာနိုင်တော့သဖြင့် တဖြည်းဖြည်း ပြယ်ကျလျော့ပါးလာသည်။ နှလုံးအိမ်ကို ဗဟိုပြု၍ ဖြာဆင်းသွားသော သွေး

mgyoe.com

mgyoe.com



တို့ကား ခုနကလို အရှိန်မပြန်တော့။ ပုံမှန်ဖြစ်လာပြီ။ ဤသည်နှင့် တစ်ပြိုင်နက် နှလုံးအိမ်သည်လည်း တစ်စတစ်စ ငြိမ်သက်လာသည်။ လှုပ်ခုန်မှုတို့ အရှိန်မပြင်းထန်တော့ပြီ။ တဆတ်ဆတ် တုန်ခါမှုတို့ ပျောက်ကွယ်ခဲ့ပြီ။ ဘဝင်လေသည်လည်း ငြိမ်သက်ညင်သာလာသည်။

ကြည့်စမ်း၊ ဒေါသစေတသိက်ကလေးတစ်ခုကို ခဏကလေး လက်ခံလိုက်ရုံနှင့် မနောကံ၏ နယ်ပယ်ရပ်ဝန်း၌ ဖြစ်ပေါ်ခဲ့သော လှုပ်ရှားမှုတို့ကား များပြားလှပါဘိ။ လှိုင်းဂယက်တို့ကား ကြီးမားပြင်းထန်လွန်းလှပါဘိ။ ထိုလှုပ်ရှားမှု လှိုင်းဂယက်အားလုံးတို့သည် ဝစီကံဖြင့် ပြန်လည်ပြောဆို တုံ့ပြန်မှုဆီသို့ ဦးတည်စုရုံးနေသည်။ ဝစီကံဖြင့် ပြောဆိုပြီးပါကလည်း ရပ်တန့်ဦးမည်မဟုတ်။ ကာယကံသို့ ဆက်လက်တွန်းပို့ဦးမည်။ လှိုင်းအရှိန်ဟူသည်ကား ဖြစ်ပေါ်သည့် နေရာ၌ပင် ရပ်တန့်ချုပ်ငြိမ်း ပျောက်ကွယ်သွားသော်လည်း သတ္တိ၊ စွမ်းအားအရှိန်တို့ကား ဆက်လက်ဖြစ်ပေါ်ကာ လက်ဆင့်ကမ်း သယ်ယူစေဆော်မှု ပြုစမြဲပင်။

သူသည် သည်ရှုကွက် မြင်ကွင်းကြီးကို ငုံ့ကြည့်နေရသလို မြင်နေရသည်။ သူ့ခန္ဓာ နေရာအနှံ့ လှုပ်ရှား လှိုင်းထသွားသော ပုံရိပ်တွေကား ပုံမှန်ဖြစ်သွားပေပြီ။ သည်တော့မှ သူ့မိတ်ဆွေကြီးကို သူ နောက်တစ်ကြိမ် မော့ကြည့်ဖြစ်သည်။ သူ့မိတ်ဆွေကြီး၏ ပြောဆိုမှုကား ရပ်တန့်သွားပေပြီ။ ချွေးစေးတွေကို လက်ကိုင်ပဝါနှင့် သုတ်ပစ်နေ၏။ တစ်ဖက်သတ် ပြောရလွန်းသဖြင့် သူ့မိတ်ဆွေကြီး မောသွားပုံရသည်။ ပြန်လည်ခုခံ ချေပပြောဆိုမည့်သူ မရှိ

mgyoe.com

mgyoe.com



သော စကားဝိုင်းသည် မည်မျှ ခြောက်သွေ့လိုက်ပါသနည်း။

ဘေးမှာထိုင်နေကြသူများက သူ့ကို တစ်ခုခု ပြန်ပြောစေချင်ပုံရသည်။ သူ ဘယ်လိုပြန်ပြောမလဲဆိုတာကိုလည်း နားထောင်ချင်နေပုံရသည်။ သူ့စိတ်ထဲ ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။ သူ့အပြုံးသည် သူ့မျက်နှာပေါ်၌ တည်ငြိမ်အေးဆေးစွာ ဖူးပွင့်လာ၏။ သူ ထိုင်နေရာမှ ထလိုက်သည်။ သူ ရပ်လိုက်ပြီးသည်နှင့် သူ့မိတ်ဆွေကြီးထံ သူ့ညာလက်ကို ကမ်းလှမ်းလိုက်သည်။ လက်ဆွဲနှုတ်ဆက်ရန် ဖြစ်သည်။ သူ့မိတ်ဆွေကြီးသည် အံ့အားသင့်သောမျက်နှာနှင့် သူ့ကို လှမ်းကြည့်နေ၏။ ဘေးလူတွေကလည်း ပါးစပ်အဟောင်းသား။ သူ့မိတ်ဆွေကြီးကမူ သူ့ကို ပြန်လည် လက်ဆွဲနှုတ်ဆက်ခြင်းမပြုပါ။ ဒေါသ၏အရှိန်သည် သူ့မိတ်ဆွေကြီးထံ၌ လောင်မြိုက်နေတုန်းပဲ ဖြစ်လိမ့်မည်။

"ကဲ...သူငယ်ချင်း၊ ငါ သွားတော့မယ်၊ နောက်မှ အေးအေးဆေးဆေး လာခဲ့ပါဦးမယ်၊ အားလုံး ကျွန်တော် သွားပါဦးမယ်"

သူသည် သူ့မိတ်ဆွေကြီးကိုရော၊ ဘေးက ပရိသတ်ကိုပါ နှုတ်ဆက်လိုက်၏။ အားလုံး ဘာမျှပြန်မပြော၊ ဘာမျှ ပြန်နှုတ်မဆက်။ သူကမူ သူ၏ ယဉ်ကျေးသိမ်မွေ့သော အမူအရာကို ပြသနိုင်ခဲ့ခြင်းအတွက် စိတ်ထဲမှာ ကျေနပ်နေ၏။ ခုနက သူ့စိတ်ထဲမှာ သူ့မိတ်ဆွေကြီး၏ ထိုးနှက်စကားများကြောင့် ဗလောင်ဆူပွက်ခဲ့သည်များကိုလည်း တည်းဖြတ် သုတ်သင်နိုင်ခဲ့သဖြင့် သူ့ကိုယ်သူ ကျေနပ်အားရနေလေသည်။

အိမ်သို့ရောက်လျှင် ချက်ချင်း တယ်လီဖုန်းသံက သူ့ကို ဆီး

mgyoe.com

mgyoe.com



ကြို့နေသည်။ သူ့မိတ်ဆွေကြီးထံမှ မဟုတ်ပါ။ ခုန စကားဝိုင်းထဲ၌ ပရိသတ်တစ်ဦးအဖြစ် ရှိနေသူ၊ သူနှင့် မျက်မှန်းတန်းမိသလို ဖြစ်နေသူတစ်ဦးထံမှ ဖြစ်သည်။

"ကျွန်တော်...ပါ၊ ခင်ဗျားကတော့ ကျွန်တော့်ကို သိမှာမဟုတ်ဘူး၊ ကျွန်တော်ကတော့ ခင်ဗျားကို သိပါတယ်"

"ဒါကြောင့်ကို... ကို မျက်မှန်းတန်းမိသလိုတော့ ထင်သား၊ ခုန စကားဝိုင်းထဲမှာ ကို... ရှိနေတယ်နော်"

"ဟုတ်ပါတယ်၊ ရှိပါတယ်။ အဲဒီအကြောင်း ခင်ဗျားကို ကျွန်တော် ပြောချင်လို့ပါ။ ကျွန်တော်တို့တောင် ကြားထဲက ဒေါသဖြစ်နေမိသေးတာ။ ခင်ဗျားသူငယ်ချင်းက ခင်ဗျားအပေါ်မှာ ပြောတာ တော်တော်ရင့်တယ်၊ ဘေးလူတွေကြားထဲမှာဗျာ၊ ဒါပေမဲ့ ဘာတစ်ခွန်းမျှ ပြန်မပြောဘူး။ ကျွန်တော်သာဆို သူငယ်ချင်းပေမဲ့ ဒီလိုပြောလာရင်တော့ ပြန်ပြောမှာပဲ။ နောက်ဆုံး ချရင် ချရဗျာ၊ ဘယ့်နှယ် ကိုယ်နဲ့မသိတဲ့လူတွေကြားထဲမှာ ဒီလိုအပြောခံရတာမျိုးတော့ နာလွန်းပါတယ်။ ခင်ဗျား ပြန်မပြောဘဲနေတာကို ကျွန်တော်တို့က အံ့ဩနေတာ။ ခင်ဗျားပဲ နားမကြားလို့လား၊ ဒါမှမဟုတ် ခင်ဗျား သူငယ်ချင်းက ခင်ဗျားရဲ့ငယ်ကြောက် ဖြစ်နေလို့လား။ ကျွန်တော်တို့ ခန့်မှန်းရခက်နေတယ်။ အဲဒါ ကျွန်တော် သိချင်လို့ ခင်ဗျားဖုန်းနံပါတ် စုံစမ်းပြီး ခင်ဗျားဆီ ဖုန်းဆက်လိုက်ရတာ"

ထိုသူ့ကို သူ မည်သို့ စ၍ မည်သို့ပြောရမည်မသိ။ သူ ရှင်းပြနေ၍လည်း ထိုသူ နားလည်နိုင်ပါ့မလား။ ထိုသူ နားလည်ချင်သည်ဆိုလျှင် သတိပဋ္ဌာန်တရား၏ ရင်ခွင်၌ နေ့စဉ်နှင့်အမျှ

mgyoe.com

mgyoe.com



အချိန်ပြည့် စိတ်ကိုမြှုပ်နှံ၍ နေကြည့်ပါ။ ဒါဆိုရင် ခုနစကားဝိုင်းမှာ သူ ဘယ်လို နှလုံးသွင်းခဲ့သလဲဆိုတာကို ထိုသူ သိသွားပါလိမ့်မည်။ *"သူများအကြောင်းတွေသိဖို့ထက် ကိုယ့်အကြောင်း၊ ကိုယ့်စိတ်အကြောင်း၊ ကိုယ့်ခန္ဓာကိုယ်အကြောင်း၊ ကိုယ့်ရုပ်နာမ်အကြောင်းတွေ ရိပ်မိသိရှိနိုင်ဖို့က ပိုအရေးကြီးပါသည်"* ဟု ထိုသူ့ကို သူ ပြောချင်ပါသည်။

သို့တည်းမဟုတ်...။

ဤဆောင်းပါးကို အစမှအဆုံး စေ့စေ့စပ်စပ် ဖတ်ရှုလေ့လာလိုက်လျှင် အဖြေပေါ်သွားမည်ဟု သူ ပြောလိုက်ချင်ပါတော့သည်။

၁၁-၂-၂၀၀၁

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



တည်ကြည်ငြိမ်သက်သော စိတ်ဓာတ်၊
ခိုင်မာမြင့်မြတ်သော စိတ်ထားနှင့်
ဖြူစင်ငြိမ်းအေးသော နှလုံးသားရှိသည့် ယောက်ျားကောင်း၊
ယောက်ျားမြတ်တို့၏ အေးစက်သော မျက်ဝန်းအိမ်နောက်ကွယ်၌
ယိုစီးထွက်ကျမလာသော မျက်ရည်အိုင်ကြီးများ ရှိတတ်ပါသည်။
ဤသည်ကို သူ့ဖခင်၏ မျက်ဝန်းရိပ်မှတစ်ဆင့်
သူ လှမ်းမြင်ခွင့်ရလိုက်သည်ဆိုပါလျှင်…

## အဖေ့နေရာကို ချဲ့ပွားခံစားမိခြင်း

(၁)

"ယောက်ျားတန်မဲ့ မျက်ရည်ကျရသတဲ့လား"ဟု ပြောလိုက ပြောစေတော့။ မေးငေါ့လိုက ငေါ့စေတော့။

ပြောသမျှ 'သူ' ခံရပါတော့မည်။ ငေါ့သမျှလည်း 'သူ' ခံရပါတော့မည်။

အဘယ့်ကြောင့်နည်း။ သူ့နှလုံးသားအိမ်ထဲ အမှန်တကယ် နက်နက်ရှိုင်းရှိုင်း ခံစားလိုက်ရ၍ဖြစ်ပါသည်။ သို့ဆိုလျှင် အဘယ် ကဲ့သို့သော မျက်ရည်ကျစရာအကြောင်းများသည် သူ၏နှလုံးအိမ် ကို လာရောက် ရိုက်ခတ်ရပါသနည်း။ မျက်ရည်ကျစေလောက် သည့် အတွေးမျှင်လှိုင်းတို့သည် သူ၏ မနောဒွါရကို မည်သို့

mgyoe.com

mgyoe.com



ရိုက်ခတ်လိုက်မိပါသနည်း။ ခံစားမှုအကြောင်းကြောင့် ဖြစ်လာသော အကျိုးတရား မျက်ရည်ကိုလည်း သူ နားလည်နေသည်။ ဖဿဟူသော အထိအတွေ့၏ နောက်ဆက်တွဲဝေဒနာ ခံစားမှုသဘောတွေကိုလည်း သူ မသိ၍မဟုတ်၊ သိနေသည်။ သိလျက်နှင့်ပင် ဘာမျှ မတတ်နိုင်တော့သည့်အလား ဖြစ်ခဲ့၍သာ ပွဲကြည့်ပရိသတ်တစ်ဦးလို ထိုင်ကြည့်နေခဲ့ရခြင်းဖြစ်ပါသည်။

သည်ခံစားချက်က သိမ်မွေ့လွန်းလှသည်။ သို့သော် ထိချက်က ပြင်းထန်လှသည်၊ ရိုက်ချက်ကလည်း အားကောင်းလှပါသည်။ ထို့ကြောင့် သူ မျက်ရည်ကျခဲ့ရခြင်းပါပေ။

သို့ဆိုလျှင် သူ မျက်ရည်ကျဖြစ်ခဲ့ရသည့်အကြောင်းကို မဖြစ်မနေ ရှင်းပြမှ ဖြစ်ပေတော့မည်။ သူ့မျက်ရည်စက်တို့ မြစ်ဖျားခံရာနေရာမှာ သူ၏စက္ခုဖြစ်ပါသည်။ စက္ခုအာရုံမှ မြစ်ဖျားခံခဲ့သော ခံစားမှုတို့သည် သူ၏စက္ခုမှပင် မျက်ရည်များအဖြစ် ပြောင်းလဲပုံဖော် စီးကျလာစေခဲ့ပါသည်။ သို့သော် ထိုအချိန်တုန်းကမူ သူ နှလုံးသွင်းထားခဲ့ဖူးသော တရားဒေသနာတို့ကိုပင် မေ့လျော့နေခဲ့သည်အထိ သူ၏ခံစားချက်က အားကောင်းလွန်းနေပါသည်။

*"မြင်တာ ဘာတဲ့လဲ၊ မြင်သိရုပ်နာမ်ပဲ၊*
*မြင်သိမမြဲ၊ မြင်ဆင်းရဲ၊ မြင်ထဲငါမပါ၊*
*အဲဒါ သဘာဝအနတ္တာ"*

ဆရာအရှင် ဆုံးမသွန်သင်ခဲ့သော တရားအဆုံးအမတို့သည် ထိုအခိုက်အတန့်ကလေး၌ ဘယ်ဆီဘယ်ဝယ် တိမ်းရှောင်ပုန်းခိုနေပြီမသိ။ စိတ္တက္ခဏကလေးအတွင်း၌ ဆက်တိုက် ဆက်တိုက်

mgyoe.com

mgyoe.com



ပေါ်လာသော အတွေးပုံရိပ်များကား မြန်ဆန်လွန်းလှပေစွ။ ဖျတ်ခနဲ၊ ဖျတ်ခနဲ ပေါ်သွားခဲ့သော ပုံရိပ်တို့ကလည်း များပြားလွန်းလှပေစွ။

(၂)

သူ၏အမြင်အာရုံအတွင်းသို့ ပထမဦးဆုံး ဝင်ရောက်လာသော ပုံရိပ်မှာ သူ့ဖခင်၏ မျက်ဝန်းဖြစ်ပါသည်။

တည်ကြည်ငြိမ်သက်သော စိတ်ဓာတ်၊ ခိုင်မာမြင့်မြတ်သော စိတ်ထားနှင့် ဖြူစင်ငြိမ်းအေးသော နှလုံးသားရှိသည့် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏ အေးစက်သော မျက်ဝန်းအိမ်နောက်ကွယ်၌ ယိုစီးထွက်ကျမလာသော မျက်ရည်အိုင်ကြီးများ ရှိတတ်ပါသည်။ ဤသည်ကို သူ့ဖခင်၏ မျက်ဝန်းရိပ်မှတစ်ဆင့် သူ လှမ်းမြင်ခွင့်ရလိုက်သည်ဆိုပါလျှင် လွန်လွန်းသည်ဟု ပြောကြမလားမသိပါ။

သို့သော် သူ ခံစားနေရသည်က အမှန်ဖြစ်သည်။ ရိပ်ခနဲလှမ်းတွေ့လိုက်ရသော မျက်ရည်အိုင်ကြီးများသည် ပူလောင်ခြင်းအလျဉ်းမရှိပါ။ အဘယ်ကြောင့်နည်း။ ကျယ်ပြန့်ကြီးမားလှသော ကရုဏာအရိပ်ကြီး အုပ်မိုးထား၍ ဖြစ်ပါသည်။ ထို့အတွက် ထိုမျက်ရည်အိုင်ကြီးများသည်ပင်လျှင် အေးစိမ့်ငြိမ်းချမ်းလှပါသည်။ အကယ်၍ ထိုမျက်ရည်တို့ စိမ့်ကျယိုစီးလာလျှင်လည်း လောကကြီးနှင့် လူသားတွေကို ပူလောင်စေမည်မဟုတ်ပါ။ သို့သော် မျက်ရည်၏သဘာဝကိုက သောက၌ မြစ်ဖျားခံတတ်သဖြင့် သာမန်

mgyoe.com

mgyoe.com



မျက်ရည်များနှင့် ရောထွေးသွားနိုင်ပါသည်။ ထို့ကြောင့်ပင် စိမ့်ကျမလာအောင် ထိန်းထားကြခြင်း ဖြစ်ပါလိမ့်မည်။

ထိုထိန်းထားနိုင်သော သဘာဝကြီးကိုပင် သူ့ခမျာ နက်ရှိုင်းစွာ ခံစားလိုက်ရ၍ မျက်ရည်တွေ စီးကျခဲ့ရခြင်းဖြစ်ပါသည်။ သို့သော် သူ့မျက်ရည်တို့၌ အားမလို အားမရဖြစ်ခြင်းသဘော၊ ဘာဖြစ်လို့ ထိန်းထားကြတာလဲဟု မခံချင်ဖြစ်ရသည့်သဘော၊ အေးမြတဲ့ မျက်ရည်စက်တွေဟာ လူတွေ မမြင်နိုင်တဲ့နေရာမှာ ရှိနိုင်ကြောင်း သက်သေပြလိုက်ပါတော့လားဟု မချင့်မရဲဖြစ်ရသည့်သဘောတွေ ကိန်းဝပ်နေပါသည်။ ထိုသဘောတို့ ကိန်းဝပ်နေသဖြင့် သောက၊ ဒေါမနဿ အရိပ်အငွေ့တို့သည်လည်း သူ့မျက်ရည်စများ၌ အထိုက်အလျောက် သီးခိုနေမည်ဖြစ်ပါသည်။ ဤသည်ကိုလည်း သူ ကြိုတင် ဝန်ခံထားလိုပါသည်။

ကောင်းပြီ။ နိဒါန်းပျိုးချီလာခဲ့သော သည်ကိစ္စရပ်ကို သူ့အားအသေးစိတ် ရှင်းပြခွင့် ပေးစေချင်ပါသည်။

အဖေ့အသက် ၈၀ ကျော်ခဲ့ပြီ။

သို့သော် ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်။ တစ်ခါတစ်ရံ သရိုးသရီ ဖြစ်တတ်သည်ကလွဲ၍ အဖေ့ရုပ်တရားတို့သည် ကြီးမားစွာ ဖောက်ပြန်လေ့မရှိ။ ဤသည်ကပင် အဖေသည် ပတ်ဝန်းကျင်ကို တစ်ပိုင်တစ်နိုင် အကျိုးပြုနေခြင်းဖြစ်ပါသည်။ များသောအားဖြင့် သည်အသက်၊ သည်အရွယ်သည် အိပ်ရာထက်တွင် ပက်လက်နာဖြစ်နေသည်က များသည်။

အဖေကတော့ သည်လိုမဟုတ်။ သွားနိုင်၊ လာနိုင်၊ လှုပ်ရှား

mgyoe.com

mgyoe.com



နိုင်၊ လူမှုရေးကိစ္စတွေ ဆောင်ရွက်နိုင်သေးသည်။ အားစိုက်၍ ပင်ပင်ပန်းပန်း မလုပ်နိုင်တော့သည်ကလွဲ၍ အဖေ့ရုပ်ခန္ဓာကြီး အကြီးအကျယ် မဖောက်ပြန်သေးခြင်းကပင်လျှင် အားလုံးအတွက် ကံကောင်းနေသည်ဟု ဆိုရပါမည်။ အထူးသဖြင့် သားသမီးတွေ အတွက် ကံကောင်းသည်ဟု ဆိုရမည်။ အဘယ့်ကြောင့်နည်း၊ သက်ကြီးရွယ်အို လူနာတစ်ဦးကို ပြုစုရင်းက တစ်ဖက်တွင် မိမိတို့၏ လူမှုကိစ္စများ ဆောင်ရွက်ရမည့်ကိစ္စမှာ ရေရှည်တွင် မလွယ်ကူ၍ ဖြစ်ပါသည်။ တစ်ဖက်တွင် ဖခင်လူအို၊ လူနာကြီးကို ပြုစုရဦးမည်။ တစ်ဖက်မှာလည်း စားဝတ်နေရေးအတွက် ရှာဖွေရုန်းကန်ရမည့်ကိစ္စက ရှိသေးသည်။ အချိန်ကို ဟိုဘက်သည်ဘက် မျှပေးနေရသည်မှာ ရေရှည်တွင် မလွယ်ကူ။ အခက်အခဲ ဖြစ်လာနိုင်သည်။

ကြာတော့ နှစ်ရှည်၊ လရှည် လူမမာကြီးအပေါ်တွင် သားသမီးပင် ဖြစ်လင့်ကစား ငြီးငြင်လာကြလိမ့်မည်။ သားသမီးတို့ ပြုစုလေမှ အသက်ရှင်သန်ခွင့်ရနေသော ဘဝကလည်း မည်မျှ ဆိုးဝါးလိုက်ပါသနည်း။ ကိုယ်အသက်ရှင်ဖို့အတွက် ဘေးလူကို အားကိုးနေရသည်မှာလည်း မည်မျှ မလွတ်လပ်လိုက်ပါသနည်း။ ပြောမထွက်၍သာရှိမည်။ ရေရှည်တွင် သားသမီးတို့စိတ်ထဲ ကွက်ကုန်တော့မည်။ မျက်ကုန်တော့သည်။

သည်သဘောတွေကို အဖေ ကြိုတင်ပြီး သိထားပုံရသည်။ ထို့ကြောင့်ပင် အဖေသည် ဇရာနှင့်ဗျာဓိကို နည်းမျိုးစုံဖြင့် ခုခံတွန်းလှန်သည်။ စိတ်ကောင်းထားသည်။ ပျော်ပျော်နေသည်။ ဝင်စား

mgyoe.com

mgyoe.com



စရာ အာရုံတစ်ခုခု၌ စိတ်ကို အမြဲ စူးစိုက်သည်။ ရုပ်တရားကြီး ပုံလဲမကျသွားစေရန် စိတ်စွမ်းအားဖြင့် ကျားကန်သည်။ ဘာဝနာ ကို သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းသည်။ အစားအသောက်၊ အနေအထိုင် ဆင်ခြင်သည်။ တစ်နည်းအားဖြင့် အဖေ့နှလုံးအိမ်ထဲ တွင် ဓမ္မဆိုင်ရာ အသိအမြင် အတွေးအခေါ်တို့သည် ကြိုတင် နေရာဦးထားနှင့်ပြီးဖြစ်သည်ဟု သူ ထင်သည်။ ထို့ကြောင့်ပင် အဖေသည် 'စိတ်ပျိုတော့ ကိုယ်နု'ဟူသော ဆောင်ပုဒ်ကို သက်သေ ပြနေသကဲ့သို့ ရှိသည်။

ထိုအခါ အဖေသည် လောကကြီးကို ပြုံးရယ်နေသော မျက် လုံးတို့ဖြင့် ကြည့်တတ်သည်ကို သတိပြုနေမိသည်။ အဖေ့မျက်နှာ သည် အမြဲတစေ ပြုံးရွှင်လန်းဆန်းနေသည်။ သည်မျက်နှာသည် ပင်လျှင် အတူနေထိုင်သူ သားသမီးမြေးမြစ်တို့၏ ဘဝအမော၊ လူမှုအမောများကို ချွေးသိပ်စေနိုင်ခဲ့သည်။ ဤသို့ဖြင့် အဖေသည် မကုန်မခန်းနိုင်သော မေတ္တာများဖြင့် သားသမီးမြေးမြစ်တို့အား နွေးထွေးဖေးမ ကူညီနေဆဲ။ ဤသည်ကို သူ အထပ်ထပ် တွေ့မြင် ခံစားခဲ့ရသည်။ အဖေ့ထံရောက်လေတိုင်း လန်းဆန်းလတ်ဆတ်နေ သော အဖေ့အပြုံးအရယ်တို့ကို တွေ့ရစမြဲ။ ထို့ကြောင့်လည်း အဖေ့ အတွက် ရတက်အေးနေရဆဲ။ မေတ္တာရိပ်သန်းသော အဖေ့မျက်နှာ သည်လည်း သူ့နှလုံးသားကို ခွန်အားတစ်ရပ် ဖြစ်စေစမြဲ။

အဖေသည် သားသမီးတွေ အရွယ်ရောက်သည်အထိ၊ လုပ် ငန်းခွင် ဝင်နိုင်ကြသည်အထိ၊ ဘဝတာဝန်တွေကို ထမ်းဆောင်နိုင် သည်အထိ ဖခင်တစ်ဦး၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်

mgyoe.com

mgyoe.com



ခဲ့ပြီးပြီ။ ယခုလည်း "ငါ မအိုသေးပါဘူး၊ ငါ့ကို ပြုစုစရာ မလို သေးပါဘူး၊ ငါ့ကို ထောက်ပံ့ပေးကမ်းစရာ မလိုပါဘူး"ဟု ဖွင့်ဟ ပြောဆိုခြင်းမဟုတ်သော လုပ်ရပ်များဖြင့် သက်သေပြနေဆဲ။ ဖခင် တစ်ယောက်၏နေရာ၌ မားမားမတ်မတ်ရပ်ကာ ဖခင်တစ်ယောက် ၏ တာဝန်ကို ဆက်လက်ထမ်းဆောင်နေဆဲ။

သို့သော် သားသမီးတို့ကား အဖေ့ကို နေရာမပေးတော့ပြီ တည်း။

အဖေ အသက်ကြီးပြီ၊ အဖေ အေးအေးဆေးဆေး ဘေးမှာ ထိုင်နေတော့ဟု မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ဆိုလာ ပြီတည်း။ အိမ်တွင်းရေးကိစ္စ ဆုံးဖြတ်စရာရှိလျှင် အဖေ့ကို ညှိနှိုင်း တိုင်ပင်ခြင်း မရှိတော့ပြီတည်း။ ဒါ အဖေ့အရာမဟုတ်တော့ဟု ဆိုလာကြပြီတည်း။ တစ်အိမ်လုံး ရုံးသွား၊ ကျောင်းသွား၊ အလုပ် သွားနေချိန်မျိုး၌သာ အဖေ့ကို စိတ်ချရသော အိမ်စောင့်တစ်ဦး သဖွယ် သဘောထားလာကြပြီတည်း။ တောက်တိုမည်ရအလုပ်၊ မြေးကျောင်းကြိုအလုပ် စသည့် အိမ်တစ်အိမ်၏ အရေးမပါလှ သော အသေးအဖွဲ့အလုပ်တို့ကို အဖေ ဝင်လုပ်မိပြန်လျှင်ပင် သား သမီးတို့က မကြိုက်လေတော့...။

သူကိုယ်တိုင်သည်လည်း သားနှင့်၊ သမီးနှင့် ဖြစ်လာခဲ့ပြီးပြီ မို့ အဖေ့နေရာကို ရောက်လာခဲ့ပြီ။ ထို့ကြောင့် အဖေ့ကို ကိုယ်ချင်း စာ၍ နားလည်နေရပြီ။ သားသမီးတွေ လူမှုပတ်ဝန်းကျင်ထဲ မဝင် ဆံ့နိုင်သေးမီ အချိန်အထိ အဖေသည် သားသမီးတို့ရှေ့၌ မားမား မတ်မတ် ရပ်ခဲ့ရသည်။ အိမ်ထောင်ဦးစီး ခေါင်းဆောင်ပီသစွာဖြင့်

mgyoe.com

mgyoe.com



ဘဝ၏ အလင်းရောင်ကို နိုင်စွမ်းသလောက် လမ်းညွှန်ပြသခဲ့သည် မဟုတ်လော။

ဤအချက်တွေကို သားသမီးတွေ အဘယ့်ကြောင့် မေ့ပစ်လိုက်ကြပါသနည်း။ အဖေ၏အကြံဉာဏ်၊ ဖေးမမှု၊ တာဝန်ယူလိုမှုတွေကို အဘယ့်ကြောင့် ခါးသီးစွာ ပစ်ပယ်ချင်ကြပါသနည်း။ အဘယ့်ကြောင့် ချောင်ထိုးချင်ကြပါသနည်း။ သူရော တစ်ချိန်မှာ အဖေ့လို ကြုံရဦးမည်လော။ သူ စဉ်းစားနေရပြီ။ ထိုသို့ စဉ်းစားမိနေခိုက်မှာပင် အဖေနှင့်ပတ်သက်သော မြင်ကွင်းတစ်ခုကို သူ မျက်မြင် တွေ့လိုက်ရလေသည်။

အဖေနှင့်အတူနေသူ အဖေ့သွေးသားအရင်းတစ်ဦးက အဖေ့အား အရေးမပါတော့သူတစ်ဦးလို ဆက်ဆံနေသည်ကို သူ ရုတ်တရက် ကြားလိုက်၊ မြင်လိုက်ရသည်။ စကားလုံးများက နင့်သီးပြင်းထန်လှ၍ သူပင်လျှင် တုန်လှုပ်သွားမိသည်။ အဖေ့သွေးရင်းရင်နှစ်သည်းချာတစ်ဦးက အဖေ့ကို တနင့်တသီး ပြောနေပုံကို ကြားရသောအခါ သူ သံဝေဂ အကြီးအကျယ် ရမိသည်။ သို့သော် အဖေကား အပြုံးမပျက်။ ရယ်ပင် ရယ်နေလိုက်သေးသည်။ ကြားထဲမှနေ၍ သူ့မှာ အဖေ့ကိုယ်စား ဒေါသဖြစ်ရသေးသည်။ကာယကံရှင်ဖြစ်သူ အဖေကတော့ သူ့ကို ဘာမျှ မပြောသည့်အလား။

သည်တုန်းမှာပင် အဖေ့မျက်ဝန်းကို လှမ်းကြည့်ဖြစ်သည်။

အဖေ့မျက်နက်ဝန်းတို့သည် ငြိမ်သက်နေ၏။ ငြိမ်သက်မှု၏နောက်ကွယ်တွင် လက်ရှိ အဖေ့နေရာကို အဖေကိုယ်တိုင် လက်ခံထားပြီးသော သဘောထားတွေ ရှိနေသည်။ မရှိတော့သော အဖေ့

mgyoe.com

mgyoe.com



နေရာ၌ အဖေ ကျေကျေနပ်နပ်ကြီး နေနေပုံကို သူ လှမ်းမြင်နေရသည်။

ပြီးတော့ သားသမီးတို့၏ နေရာမပေးတော့မှုအပေါ်၌ ခွင့်လွှတ်သည်းခံ၊ ကရုဏာထားနေသော အဖေ့စိတ်ဓာတ်၊ အဖေ့သဘောထား၊ အဖေ့နှလုံးအိမ်၊ အဖေ့မြင့်မြတ်မှု၊ အဖေ့စွန့်လွှတ်မှု၊ အဖေ့ အနစ်နာခံမှု၊ သည်သဘောတွေ ပေါင်းစည်းစုဖွဲ့ထားသော အဖေ့မျက်ဝန်းရိပ်နောက်မှ အေးမြသော မျက်ရည်အိုင်...

သူ မျက်ရည်မကျဘဲ နေနိုင်ပါတော့မလား...။

(၄)

သူ့စိတ်ကူးအတွေးတို့သည် သည်မျှနှင့် ရပ်တန့်မနေ။

'အဖေ့နေရာ'ရုပ်ရှင်ဇာတ်ကားနှင့် သည်နှစ် အကယ်ဒမီရသွားခဲ့သူ 'အဖေ့နေရာ' စကားလုံးပိုင်ရှင် မိတ်ဆွေ ဒါရိုက်တာကြီးဆီသို့ ဖုန်းဆက်လိုက်မိသည်။

"ကျွန်တော်တော့ ကိုစိုးသိမ်းရိုက်ခဲ့တဲ့ အဖေ့နေရာကို အဲဒီလို ချဲ့မြင်မိတယ်ဗျာ"

သူ့ဖခင်၏မျက်ဝန်းကို မြင်ရာမှ သူ မျက်ရည်ကျခဲ့ရသည် အထိ ဖြစ်ကြောင်းစုံလင်ကို ဒါရိုက်တာစိုးသိမ်းထွဋ်ထံ သူ့ဖုန်းဖြင့် ပြောပြလိုက်သည်။ ကိုစိုးသိမ်းထွဋ်၏အသံသည် ဖုန်းခွက်မှတစ်ဆင့် သူ့နားစည်အိမ်ကို လာရိုက်သည်။

"အေးလေ... အဲဒါ စဉ်းစားကြည့်ပေါ့၊ ကျွန်တော်တို့အဖေတွေရဲ့ နေရာဆိုတာကို တွေးကြည့်ရင် နေရာမရှိတော့သလို ဖြစ်

mgyoe.com

mgyoe.com



ဖြစ်သွားကြတာကို ကျွန်တော် မြင်ပြီးတော့ သည် 'အဖေ့နေရာ' ဆိုတဲ့ ဇာတ်ကားကို ရိုက်ဖြစ်ခဲ့တာပဲ"

"ကျွန်တော်လည်း အဖေ့ကိုကြည့်ရင်း တစ်ချိန်ကျရင် ငါလည်း နေရာပျောက်မယ့် အဖေဘဝကို ရောက်ရဦးမှာပါလားဆိုတာကို သံဝေဂရမိတယ်။ ရာထူးရှိတုန်း၊ အာဏာရှိတုန်း၊ အလုပ်လုပ်နိုင်တုန်း၊ ငွေရှာနိုင်တုန်း၊ သားသမီးတွေကို ထောက်ပံ့ပေးနိုင်တုန်းမှာတော့ အဖေဟာ မရှိမဖြစ် အရေးအပါဆုံးနေရာမှာ ရှိမှာပဲ။ ဒါပေမဲ့ ဒါတွေအားလုံး မရှိတော့တဲ့အချိန်မှာ အဖေတွေဟာ အရေးမပါတော့တဲ့နေရာကို ရောက်သွားရသလိုပါပဲ"

"အေးလေ... သိတဲ့အတိုင်းပဲ၊ အဖေဆိုတာကတော့ သားသမီးတွေနဲ့ နီးနီးကပ်ကပ် နေခွင့်မရှိဘူး၊ နေလေ့နေထ မရှိကြဘူး၊ ခပ်ခွာခွာ နေတတ်ကြတယ်။ သားသမီးတွေနဲ့ အမေ့လောက် လက်ပွန်းတတီး မရှိဘူးပေါ့၊ ဒါပေမဲ့ အဖေတွေရဲ့ချစ်ခြင်းမှာတော့ ဉာဏ်ပါတယ်လို့ ထင်တယ်"

"ဟုတ်တယ်ဗျ...၊ ကျွန်တော်တို့က အဖေတွေမို့လို့ အဖေကောင်းကြောင်း မောင်းခတ်ကြေညာနေတာ မဟုတ်ပါဘူး၊ အဖေတွေဟာ ယောကျ်ားတွေဖြစ်တော့ ဈေးတွက်တွက်လေ့ မရှိဘူး။ အနစ်နာခံစရာရှိ ခံမယ်၊ အနစ်နာခံလိုက်ရလို့ဆိုပြီးတော့လည်း ဘယ်တော့မှ အလျော်ပြန်တောင်းလေ့မရှိဘူး။ ဥပေက္ခာဘက်ကို အားသန်ကြတယ်။ ဒါတွေဟာ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ဆန်တဲ့ အဖေတွေဆီမှာရှိတဲ့ စိတ်ဓာတ်တွေပဲ"

mgyoe.com

mgyoe.com



(၅)

မိတ်ဆွေ ဒါရိုက်တာကြီးနှင့် ဖုန်းပြောပြီးသောအခါ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ဆုပေးသံကို ကြားယောင်မိသည်။

"ဤကုသိုလ်စွမ်းအားတို့ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်သို့ လွယ်ကူသော အကျင့်၊ လျင်မြန်သော အသိတို့ဖြင့် ကျင့်နိုင်ရောက်နိုင်ကြသော 'အဘဘုရားရှင်'၏သားတော်အစစ်၊ သမီးတော်အစစ်များ ဖြစ်ကြပါစေသတည်း"

ဆရာတော်ကြီးသည် 'အဘဘုရားရှင်'ဟု အဘယ့်ကြောင့် သုံးနှုန်းလိုက်ပါသနည်း။ အကြောင်းရှိပါသည်။ ဘုရားရှင်သည် ပုဂ္ဂလိက သွေးသားတော်စပ်သူ သားတော်ရာဟုလာ တစ်ဦးတည်း အတွက် ဖခင် မဟုတ်ပါ။ လောကသားအားလုံး၏ ဖခင်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဘုရားရှင်သည် လောကသားအားလုံး၏ ဖခင်အဖြစ် အဖေ့နေရာတွင် စွန့်လွှတ် အနစ်နာခံမှုများစွာနှင့် နေထိုင်လမ်းပြ သွားခဲ့ပြီး ဖြစ်ပါသည်။ ပုဂ္ဂလ–သွေးသားတော်စပ်သူ သားတော်ရာဟုလာကို သံသရာမှာ လွတ်ရာတရားကို ပြသခဲ့သကဲ့သို့ လောကသားအားလုံးတို့ကိုလည်း သံသရာမှလွတ်ရာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ခြင်းဖြင့် လောကသားတို့၏ ဖခင်အဖြစ် တာဝန်ကျေခဲ့ပြီ ဖြစ်ပါသည်။

လောကသုံးပါးတွင် အဖေ့နေရာ၌ တာဝန်အကျေဆုံးသူမှာ ဘုရားရှင်တစ်ပါးတည်းသာ ရှိပါသည်။

mgyoe.com

mgyoe.com



ပုဂ္ဂလတော်စပ်မှုအရ ကိုယ့်သွေးရင်း ဖခင်များကိုပင် အဖေ့နေရာ၌ မထားချင်တော့သည့် သားသမီးတွေ ရှိနေကြပြီဆိုပါလျှင် ဘာမျှ မတော်စပ်ဟုထင်ရသော လောကသားတို့၏ဖခင်ဖြစ်သည့် ဘုရားရှင်ကို အဖေ့နေရာ၌ အမြဲတမ်း ထားချင်စိတ်ရှိဖို့ဆိုသည်မှာ လွယ်ကူနိုင်ပါဦးမည်လား...။ စဉ်းစားစရာဖြစ်ပါသည်။

အကယ်၍ 'အဘဘုရားရှင်'၏ သားတော်အစစ်၊ သမီးတော်အစစ်ဟု ကိုယ့်ကိုယ်ကိုယ် အမှန်တကယ် ခံယူကြသည်ဆိုပါလျှင်...

ယခုဘဝတော်စပ်နေရသည့် အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိမိတို့၏ ဖခင်များကို အဖေ့နေရာတွင် အမြဲတမ်းနေရာ ပေးထားနိုင်ဖို့နှင့် အဖေ့ကျေးဇူးကို ခံစားနားလည် ပြန်ဆပ်နိုင်ကြဖို့ သူ တောင်းဆိုချင်ပါသည်။

ထိုထက်ပို၍ လေးနက်လှစွာ 'အဘဘုရားရှင်'ကိုတစ်လောကလုံး၏ အဖေ့နေရာတွင် အမြဲသတ်မှတ် နေရာပေးထားဖို့နှင့် လောကသားအားလုံး၏ ဖခင်ဖြစ်သော ဘုရားရှင်၏ ကျေးဇူးတော်အနန္တကို သဘောပေါက်နားလည်ကာ ကျေးဇူးတုံ့ပြန် ပေးဆပ်သောအားဖြင့် ဘုရားရှင်၏အလိုတော်အတိုင်း သံသရာလွတ်ရာ အကျင့်မြတ်ကို ပွားများအားထုတ်နိုင်ကြဖို့ သူ ထပ်မံ တောင်းဆိုချင်ပါသည်။

mgyoe.com

mgyoe.com



(၆)

အဖေ့နေရာကို ချဲ့ပွားခံစားမိရာမှ ဘုရားရှင်၏ မဟာကရုဏာတော်တို့ ကိန်းဝပ်ရာ နှလုံးအိမ်ဆီသို့ မှန်းဆကြည်ညို ဦးခိုက်မိလိုက်သည်နှင့် သူ့မျက်ရည်တို့သည် ပိုမို သိပ်သည်းစွာဖြင့် တသွင်သွင် စီးကျလာရပြန်ပါတော့သည်။

၅-၂-၂၀၀၁

❑

mgyoe.com

mgyoe.com



- Read the best book first or you will not have another chance to read it at all.
  အကောင်းဆုံးစာအုပ်ကို အရင်ဖတ်ပါ။
  သို့မဟုတ်ရင် အဲဒီစာအုပ်ကို ဖတ်ဖို့အခွင့်အရေး နောက်ထပ်ရမှာ မဟုတ်တော့ဘူး။
- ဒီစကားလုံးရဲ့ဆင့်ပွားအဓိပ္ပာယ်ဖြစ်တဲ့ "အရေးအကြီးဆုံးအလုပ်ကို အရင်လုပ်ပါ။
  သို့မဟုတ်ရင်တော့ အဲဒီအလုပ်ကိုလုပ်ဖို့ရာ အချိန်ရမှာ မဟုတ်တော့ဘူး"ဆိုရင် အဓိပ္ပာယ်ကို ပိုပြီး လေးလေးနက်နက် သဘောပေါက်သွားမယ်။
- မဟာမြိုင်တောရ ဆရာတော် ဦးဇောတိက၏ သတိဆိုတဲ့ နေအိမ် စာအုပ်ထဲမှ ကျွန်တော် ကူးယူမှတ်သားခဲ့သော စာပိုဒ်ကလေး ဖြစ်ပါသည်။

mgyoe.com